အသပိစမ္မာအခါ လေတဝိခနူ

၀၄



၉၄.၃၁၃
အဘ

# အဘိဓမ္မာအခါတော်နေ

ပြည်ထောင်စု မြန်မာနိုင်ငံ တဝှမ်းလုံး

တညီတညွတ်တည်း ကျင်းပနိုင်ရန်

ရန်ကုန်မြို့

# အဘိဓမ္မာပြန့်ပွားရေးအသင်း

မှ ဓမ္မဒါနအဖြစ် ထုတ်ဝေသော

၁၃၂၅-ခုနှစ် (၁၅) ကြိမ်မြောက်

သီတင်းကျွတ်လပြည့်

# အဘိဓမ္မာအခါတော်နေ့

## အစီအစဉ်စာတမ်း

☆ ☆ ☆

၁၃၂၅-ခုနှစ်

အုပ်ရေ-၁၀,၀၀၀

# ရန်ကုန်မြို့

## အဘိဓမ္မာပြန့်ပွားရေးအသင်း၏

# ၁၃၂၅-ခုနှစ်၊ အမှုဆောင်အဖွဲ့ လူကြီးများ

| | | | |
|---|---|---|---|
| ၁။ | ဥက္ကဋ္ဌ .... | ဦးကျော် | ရဲဝန်ထောက်၊ ရန်ကုန်။ |
| ၂။ | ဒုတိယ ဥက္ကဋ္ဌ .... | ဦးဘစိန် (ကျုံပျော်) | ကုန်သည်ကြီး၊ ရန်ကုန်။ |
| ၃။ | ၎င်း .... | ဦးဟုတ်စွမ် | ဘုံဘေဘားမား အိမ်ထောင်ပရိဘောဂ တိုက်ရှင်၊ ရန်ကုန်။ |
| ၄။ | အကျိုးဆောင်ချုပ် .... | ဦးဘသိန်း | အငြိမ်းစားပန်ထောက်၊ ရန်ကုန်။ |
| ၅။ | အကျိုးဆောင် (အထွေထွေ) | ဦးတင်မောင် | စာရင်းကိုင်၊ ကေ-အယ်-အမ်လေကြောင်းကုမ္ပဏီ။ ရန်ကုန်။ |
| ၆။ | အကျိုးဆောင် (ဘာသာရေး) | ဝဏ္ဏကျော်ထင် ဦးဘိုးစိန် | အငြိမ်းစားနိုင်ငံဝန်ထမ်း (အကြီးတန်း) ရန်ကုန် |
| ၇။ | ဘဏ္ဍာရေးမှူး .... | ဒေါ်အေးရီ | ကုန်သည်ကြီး၊ ရန်ကုန်။ |
| ၈။ | ပစ္စည်းထိန်းမှူး .... | ဦးအောင်ခင် | အုပ်ချုပ်မှုဒါရိုက်တာ၊ ဗမာ့ခေတ်ပုံ ပညာသည်များ ဆင်ဒီကိတ်၊ ရန်ကုန်။ |
| ၉။ | စာရင်းစစ် .... | ဦးကိုကို R.A. | အစိုးရမှတ်ပုံတင်စာရင်းစစ်၊ ရန်ကုန်။ |
| ၁၀။ | ကော်မတီလူကြီး | ဝဏ္ဏကျော်ထင် ဦးထူးရွှေ B.A., D.T. | အငြိမ်းစားပညာဝန်၊ ရန်ကုန်။ |
| ၁၁။ | ။ .... | ဦးအောင်မြတ် | ကုန်သည်ကြီး၊ ရန်ကုန်။ |
| ၁၂။ | ။ .... | ဦးမြ (မြန်အောင်) | ကုန်သည်ကြီး၊ မြန်မာကုမ္ပဏီ၊ ရန်ကုန်။ |
| ၁၃။ | ။ .... | ဦးဘမောင် (ထားဝယ်) | ဒါရိုက်တာလူကြီး၊ ထားဝယ် ကူးသန်း ရောင်းဝယ်ရေးလီမိတက်၊ ရန်ကုန်။ |
| ၁၄။ | ။ .... | ဦးမောင်မောင်ဘ B.C.S. | လက်ထောက်ငှားရမ်းခကြည့်ကြပ်ရေးဝန်၊ ရန်ကုန်။ |
| ၁၅။ | ။ .... | ဦးစိုးညွန့် | ဗန္ဓုလဂျုံစက်ပိုင်ရှင်၊ ရန်ကုန်။ |
| ၁၆။ | ။ .... | ဦးရှန် | အထက်တန်းရှေ့နေ၊ ရန်ကုန်။ |
| ၁၇။ | ။ | ဒေါက်တာဦးဘသိန်း M.B.B.S. | သန့်ရှင်းရေးအရာရှိ၊ ရန်ကုန်မြို့အဖွဲ့။ |
| ၁၈။ | ။ .... | ဦးစိုးလှိုင် B.A., B.L. | အခွန်နှင့်ပစ္စည်းထိန်းဝန်၊ တရားရုံးချုပ်၊ ရန်ကုန်။ |
| ၁၉။ | ။ .... | ဦးဘမြင့် B.A. | အငြိမ်းစားမိုလ်ကြီး၊ ရန်ကုန်။ |
| ၂၀။ | ။ .... | ဒေါ်ခင်ခင် | ရုံးဝန်ထောက်၊ ယဉ်ကျေးမှုကောင်စီ၊ အတွင်းဝန်များရုံး၊ ရန်ကုန်။ |
| ၂၁။ | ။ .... | ဦးသိန်းဖေ | ကိုယ်ပိုင်ကျောင်းဆရာကြီး၊ ရန်ကုန်။ |
| ၂၂။ | ။ .... | ဦးကျင်ဖေ | ကုန်သည်ကြီး၊ အောင်ဇေယျ အင်ကိုး၊ ရန်ကုန်။ |
| ၂၃။ | ။ .... | ဦးသန့်ဇင် | လှစီရေစီယိုနှင့် လျှပ်စစ်လုပ်ငန်းပိုင်ရှင်၊ ရန်ကုန်။ |
| ၂၄။ | ။ .... | ဦးသာဝင်း | ကိုယ်စားလှယ်ကြီး၊ ရန်ကုန်။ |
| ၂၅။ | ။ .... | ဦးခင်မောင်ကြွယ် | ကုန်သည်ကြီး၊ ရွှေဗိုးကွက်အထည်တိုက်၊ ရန်ကုန်။ |

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏

## ဩဝါဒါစရိယ ဆရာတော်များ



ခင်ဦးတောရ မူလပဋ္ဌာန်း ဆရာတော်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

အဂ္ဂမဟာပဏ္ဍိတ ဗဟန်းဝေဠုဝန်ဆရာတော် ရန်ကုန်မြို့။

အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် မန္တလေးမြို့။

အဂ္ဂမဟာပဏ္ဍိတ ဒေဝသာဂရသိမ်ကုန်းဆရာတော် ရန်ကုန်မြို့။

တိပိဋကခရေ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ မင်းကွန်း၊ စစ်ကိုင်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# အဘိဓမ္မာအခါတော်နေ့

## သတ်မှတ်ခြင်းအကြောင်း

### အခါတော်နေ့များ

ဗုဒ္ဓသာသနာ ထွန်းကားရာ၊ အထူးအားဖြင့် အဘိဓမ္မာတရားတော် ထွန်းကားရာဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရာသီအလိုက် အခါတော်နေ့ ဓမ္မပူဇာပွဲကြီးများအဖြစ် သတ်မှတ်ကျင်းပသော နေ့ထူးနေ့မြတ်များမှာ-

(၁) မင်္ဂလာအခါတော်နေ့

(၂) ဗုဒ္ဓအခါတော်နေ့

(၃) မဟာသမယ အခါတော်နေ့

(၄) ဓမ္မစကြာအခါတော်နေ့

(၅) ဩဝါဒ ပါတိမောက် အခါတော်နေ့

(၆) အဘိဓမ္မာအခါတော်နေ့ဟု တွေ့ရှိရပေသည်။

မင်္ဂလာအခါတော်နေ့၊ မဟာသမယအခါတော်နေ့နှင့် ဓမ္မစကြာ အခါတော်နေ့များသည် သုတ္တန်ဒေသနာတော်ဆိုင်ရာ အခါတော်နေ့ကြီးများဟု ခေါ်ဆိုရပေမည်။ ဩဝါဒ ပါတိမောက် အခါတော်နေ့ကို ဝိနည်းဒေသနာဆိုင်ရာ အခါတော်နေ့ဟု ခေါ်ဆိုရပေမည်။ အဘိဓမ္မာ အခါတော် နေ့ကို အဘိဓမ္မာဒေသနာဆိုင်ရာ အခါတော်နေ့ဟု ခေါ်ဆိုရပေမည်။

မြန်မာနှစ်ဆန်းတရက်နေ့ကို မင်္ဂလာအခါတော်နေ့ဟု သတ်မှတ်ကျင်းပ ပြုလုပ်ကြပါသည်။ ကဆုန်လပြည့်နေ့သည် မြတ်စွာဘုရားပွင့်တော်မူခြင်းကို ဦးတည်၍ ဗုဒ္ဓနေ့ဟု သတ်မှတ်ပူဇော်ကြ ပါသည်။ နယုန်လပြည့်နေ့ကို မဟာသမယဒေသနာ ဟောကြားတော်မူခြင်းကို ဦးတည်၍ မဟာ သမယ အခါတော်နေ့၊ ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာတရား ဟောကြားတော်မူခြင်းကို ဦးတည်၍ ဓမ္မစကြာ အခါတော်နေ့၊ တပို့တွဲလပြည့်နေ့ကို ဘုရားရှင်တိုင်း ဩဝါဒပါတိမောက် ပြတော်မူသည် ကို ဦးတည်၍ ဩဝါဒပါတိမောက် အခါတော်နေ့ဟု အသီးသီးပူဇော်ကျင်းပကြပါသည်။

ကျွန်တော်များ အဘိဓမ္မာ ပြန့်ပွားရေးအသင်း အနေဖြင့်ကား သီတင်းကျွတ် လပြည့်နေ့ကို အဘိဓမ္မာ အခါတော်နေ့ဟုသတ်မှတ်ခါ ရှေ့ဆောင်ဦးတည် ဆောင်ရွက်ခဲ့ပါသည်။

### ရည်ရွယ်ချက်

အဘိဓမ္မာဒေသနာသည်ပရမတ္ထဓမ္မအစဉ့် ငါ-ငါ၏ဥစ္စာ-ဤသို့ အမှတ်ရှိကုန်သော သတ္တဝါ တို့ကို အကြင် ပရမတ္ထအားလျော်စွာ ဆုံးမရာသည်၏အဖြစ်ကြောင့် ယထာဓမ္မ သာသနာမည်၏။ သာသနာကွယ်ပရန် အချိန်တန်က ဤ ယထာဓမ္မ သာသနာဖြစ်သော အဘိဓမ္မာ သာသနာသည်

အရင်ဆုံးကွယ်ပမည်ဖြစ်ကြောင်း အဋ္ဌကထာဆရာတို့ဖွင့်ဆိုသည်ကိုတွေ့ရှိရပေသည်။ ဤသို့ရှေးဦးစွာ ကွယ်ပမည်ဖြစ်သော အဘိဓမ္မာ သာသနာအခွန့်ရှည်စွာ တည်တန့်ခိုင်မြဲ ပြန့်ပွားရေး စသည်များကို အဘိဓမ္မာ ပြန့်ပွားရေး အသင်းဝင်အပေါင်းတို့က ကောင်းစွာရှေ့ရှု အလေးမူလျက်ရှိကြရာ အဘိဓမ္မာဒေသနာတော်ကို သင်ကြားနာယူပို့ချခြင်းများပြုလုပ်ဆောင်ရွက်နေသည့် အချိန်ကာလအတွင်း မှာပင် အဘိဓမ္မာပြန့်ပွားရေး၏ အကြောင်းရင်းတရပ်အဖြစ် အခါတော်နေ့ သတ်မှတ်ပူဇော်မှုကို သတိပြုမိကြပါသည်။ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲများကိုအကြောင်းပြု၍အဘိဓမ္မာဒေသနာကို ရွတ်ဘတ်ပူဇော်ကြခြင်းဖြင့် ဓမ္မပူဇာ ကုသိုလ်ဖြစ်သည်သာမက အဘိဓမ္မာဒေသနာကို စိတ်ပါဝင်စား လေ့လာသင်ကြားခြင်း ဟောပြောပို့ချခြင်း စသည်များအထိ တစတစပြန့်ပွားတိုးတက်လာစေရန် ရည်ရွယ်ပါသည်။

## ဝါတွင်းသုံးလပတ်လုံး ဟောတော်မူခြင်း

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ( ၆ ) ဝါအလွန်(၇)ဝါအရောက် မဟာသက္ကရာဇ် ၁၀၉-ခုနှစ် ဝါဆိုလပြည့်နေ့တွင် တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ သာဝတ္ထိပြည် ကဏ္ဍအမည်ရှိသော ဥယျာဉ်မှူးသည် စိုက်ပျိုးအပ်သော သရက်ဖြူပင်ရင်း၌ ယမိုက်ပြာဋိဟာကို ပြတော်မူသည်။ ယမိုက်ပြာဋိဟာ ပြတော်မူပြီးနောက်လကျ်ာခြေတော်ကို ကြွချီတော်မူ၍ယုဇနာလေးသောင်း နှစ်ထောင်အမြင့်ဆောင်သော ယုဂန္ဓိုရ်တောင်ထိပ်၌ ထားတော်မူ၏။ ထို့နောက်လက်ဝဲခြေတော်ကို ကြွချီတော်မူ၍ ယူဇနာ ရှစ်သောင်းလေးထောင်အမြင့်ဆောင်သော မြင်းမိုရ်တောင်ထိပ်၌ထားတော်မူ၏။ ဤကဲ့သို့ နှစ်လှမ်း သုံးဘဝါးဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီးလျှင် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာပေါ်၌ သီတင်းသုံးတော်မူ၍ မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သားကို အမှူးထား၍ စကြာဝဠာတသောင်းမှ ရောက်လာကြသော နတ်အပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပါသည်။

## အခါတော်နေ့ ရွေးချယ် သတ်မှတ်ရေး

အဘိဓမ္မာ ဒေသနာတော်သည် သုတ္တန်ဒေသနာ ဝိနည်းဒေသနာတော်များကဲ့သို့ လူတို့၏ အချိန်ကာလတရက်အတွင်း၌ အစအလယ်အဆုံး ပြည့်စုံ ပြီးဆုံးအောင် ဟောကြား၍ မဖြစ်ပါ။ အဘိဓမ္မာတရား၏ ရှည်လျားသောဒေသနာအစဉ်ကို လူသားများ ဣရိယာပထ်တခုတည်းဖြင့်လည်း နေလျက် ပြီးဆုံးအောင်နာယူနိုင်သော စွမ်းရည်လည်းမရှိပါ။ လူတို့၏အချိန်ကာလ ဝါတွင်းသုံးလသည် တာဝတိံသာနတ်တို့၏အချိန်ကာလဘဏတာမျှဖြစ်ပါသည်။ ထို့ကြောင့်ဘုရားရှင်တိုင်းသည် အဘိဓမ္မာဒေသနာကို တာဝတိံသာနတ်ပြည်၌သာ ဟောကြားတော်မူပါသည်။

ဤသို့ဖြစ်ရာ အခြားအခြားသော အခါတော်နေ့များ သတ်မှတ်သကဲ့သို့ သတ်မှတ်ခဲ့သော် ဝါတွင်းသုံးလပတ်လုံးသည် အဘိဓမ္မာအခါတော်နေ့များဟု ဆိုရပေလိမ့်မည်။ ယင်းသို့ ဖြစ်လင့်ကစား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာအခါတော်နေ့သတ်မှတ်၍ ဓမ္မပူဇာပွဲများကို မပြုလုပ်နိုင်ကြသဖြင့် ထိုဝါတွင်းသုံးလအနက် လူတို့နှင့်သင့်လျော်စွာ မည်သည့်နေ့ရက်ကို အဘိဓမ္မာ အခါတော်နေ့ဟု ရွေးချယ် သတ်မှတ်သင့်ကြောင်း အဘိဓမ္မာ ပြန့်ပွားရေးအသင်း၏ ပဌမ နာယက

အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဦးလင်း (မဟာဝိဇ္ဇာ) နှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ အဆုံးအဖြတ် ဩဝါဒကို တောင်းခံခဲ့ကြရာ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာ အခါတော်နေ့ဟု သတ်မှတ်ရန် ဩဝါဒပေးတော်မူကြပါသည်။

## အဘိဓမ္မာဟောရာဒေသ ၃-မျိုး

အဘိဓမ္မာဒေသနာကို

(၁) ဗုဒ္ဓရှင်တော်မြတ်သည် တာဝတိံသာနတ်ပြည်၌ လူတို့အချိန်ကာလအားဖြင့် ဝါတွင်း သုံးလပတ်လုံး နတ်ဗြဟ္မာအပေါင်းတို့အား ကိုယ်တော်တိုင်သည်ရှင်း, နိမ္မိတရုပ်ပွားတော်သည်ရှင်း ဟောကြားတော်မူပါသည်။ဤကားအကျယ်ဝိတ္ထာရဟောနည်းဖြစ်သည်။

(၂) ထိုသို့နတ်ပြည်၌ ဝါဆို၍ အဘိဓမ္မာတရားကို ဟောကြားတော်မူစဉ် ဥပါဒိဏ္ဏက စတုဇရုပ်သာဖြစ်သော ကိုယ်ခန္ဓာတော် မျှတနိုင်စေရန် မြတ်စွာဘုရားသည် ဤဇမ္ဗူဒိပ်ကျွန်း၌ နေဝန်း တက်ချိန်ကို မှတ်တော်မူ၍ သွင်ပြင်ဟန်ပန် အသံရုပ်ဝါ ရည်တူသောနိမ္မိတ ဘုရားကိုဖန် ဆင်းပြီး "ငါ၏ကိုယ်စား ဤဘုရားသည် ဤမျှလောက်သောတရားကို ဟောကြားစေသတည်း"ဟု မိန့်ခွန်တော်မူလျက် ဟိမဝန္တာတော အနောတတ်အိုင်၏အနီး နံ့သာပင်ကြီးရင်းဝယ် ခင်းထားအပ် သောဆေးဒန်း မြင်းသိလာ ကျောက်မြေ၌ရပ်တော်မူပါသည်။ နတ်နဂါးတို့ကပ်လှူသော နာဂလတာ ခေါ် ကွမ်းရိုးဒန်ပူကို ခံတော်မူ၍ အနောတတ်အိုင်၌ မျက်နှာခံတွင်း သန့်စင်တော် မူပါသည်။ ထို့နောက်နတ်မင်းကြီးလေးယောက် ကပ်လှူသော ပတ္တမြားညိုဖြင့် ပြီးသောသပိတ်ကို ဆောင်တော်မူ လျက် ဥတ္တရကုရုကျွန်းသို့ ဆွမ်းခံကြွတော်မူပြီး အနောတတ်အိုင်သို့ပြန်ကြွခါ ဆွမ်းဘုဉ်းပေးတော် မူပါသည်။ ဆွမ်းဘုဉ်းပေးပြီးသော် စန္ဒကူးတောသို့ဝင်၍ နေ့သန့်တော်မူပါသည်။ ထိုအခါအရှင် သာရိပုတ္တရာမထေရ်သည် စန္ဒကူးတော၌ မြတ်စွာဘုရားစံပယ်သည်ကိုမြင်လျှင် လျင်စွာလာလတ်၍ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ပြုစုတော်မူပါသည်။ ဤအချိန်တိုင်းအချိန်တိုင်း၌ မြတ်စွာဘုရား သည်"ချစ်သားသာရိပုတ္တရာ၊ ငါဘုရားသည်ယနေ့ကား ဤမျှလောက်သောတရားကို နတ်ဗြဟ္မာတို့ အား ဟောကြားခဲ့သတည်း"ဟု အကျဉ်းအားဖြင့် မိန့်ကြားနည်းပေးတော်မူပါသည်။ အရှင်သာရိ ပုတ္တရာ မထေရ်လည်းမဟာပညာတိက္ခပုဂ္ဂိုလ်ဖြစ်၍ နည်းအမြွက်မျှ သင်နာရလျှင် သမုဒ္ဒရာကမ်း၏ အနီး၌ရပ်၍ လက်ကိုဆန့်တန်းခါသမုဒ္ဒရာကြီးကို အကုန်အစင်မြင်အောင် ပြလိုက်ဘိသကဲ့သို့ အဘိ ဓမ္မာတရားကိုအကျယ်အားဖြင့်မြင်တော်မူလေသည်။ ဤကားအကျဉ်းသခေ်ပဟောနည်းဖြစ်ပါသည်။

(၃) ရှင်သာရိပုတ္တရာမထေရ်လည်း မြတ်စွာဘုရားတံမှ သင်ခဲ့ရသော အဘိဓမ္မာကထာ မဂ္ဂကို မဇ္ဈိမဒေသသို့ဆောင်လာပြီး မိမိ၏တပည့်ရဟန်းငါးရာတို့အား သင်ကြားပို့ချပေးပါသည်။ ဤကား မကျယ်မကျဉ်း နာတိဝိတ္ထာရ နာတိသခေ်ပဟောနည်းဖြစ်ပါသည်။

## ဟောကြားပြီးဆုံးသောနေ့

အထက်ဖော်ပြပါစကားရပ်ဖြင့် အဘိဓမ္မာဒေသနာသည်နတ်ပြည်ဟော၊ စန္ဒကူးတောဟော၊ လူ့ပြည်ဟောဟု သုံးမျိုးသုံးစားရှိရာ ထိုသုံးမျိုးလုံးသည် ဝါတွင်းသုံးလအတွင်း ဖြစ်သော်လည်း ပြီးဆုံးသောနေ့မှာ သီတင်းကျွတ်လပြည့်နေ့၌ ဖြစ်သဖြင့် နတ်ပြည်လူ့ပြည်တို့၌ ဟောကြားပြီးဆုံး

ရန်ကုန်မြို့၊ အဘိဓမ္မာ ပြန့်ပွားရေး အသင်း၏

# နာယကကြီး



သတိုးသီရိသုဓမ္မ ဆရာဦးသွင်

ကြသည့် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ခါ ဗုဒ္ဓပူဇာပွဲကြီး ဓမ္မပူဇာပွဲကြီးအနေတိုင် ရောက်အောင် ပူဇော်ကျင်းပရေးအတွက် အဘိဓမ္မာပြန့်ပွားရေး အသင်းက ကြိုးပန်းအားထုတ် နှိုးဆော်ခဲ့ခြင်းဖြစ်ပါသည်။

## လူ့ပြည်ဆင်း၍သတ်မှတ်ခြင်းမဟုတ်

တာဝတိံသာ နတ်ပြည်၌ သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရား အဘိဓမ္မာ ဟောကြားပြီးဆုံးပြီးနောက် လူ့ပြည်သို့ ကြွဆင်းတော်မူပါသည်။ ထိုအခါနတ်ပြည်ခြောက်ထပ်မှ ကာမာဝစရနတ်များသည် လကျ်ာဘက်က ရွှေစောင်းတန်း၊ ဗြဟ္မာများသည် လက်ဝဲဘက်ကငွေစောင်းတန်း (ဓမ္မပဒအဆို)၊ နတ်ပြည်ခြောက်ထပ်မှနတ်များဆင်းသောစောင်းတန်းကားလက်ဝဲဘက်ကရွှေစောင်းတန်း၊ ဗြဟ္မာများဆင်းသောစောင်းတန်းကား လကျ်ာဘက်ကငွေစောင်းတန်း (ဝိသုဒ္ဓိမဂ် အဆို) မြတ်စွာဘုရားသည် အလယ်ပတ္တမြားစောင်းတန်းဖြင့် ဆင်းသက်တော်မူပါသည်။

စောင်းတန်းသုံးသွယ်ဖြင့် တာဝတိံသာမှ လူ့ပြည်သို့ မြတ်စွာဘုရားကြွဆင်းတော်မူလာသောအခါ မြတ်စွာဘုရား၏ လောကဝိဝရဏ တန်ခိုးတော်ဖြင့် လူတွေကနတ်တွေကို နတ်တွေက လူတွေကို မြင်ကြရပါသည်။ နတ်ဗြဟ္မာအပေါင်းတို့က မီးရှူးမီးပန်းတို့ကို ကိုင်ဆောင်၍ သိုက်မြိုက်စွာလိုက်ပို့ကြပုံအလုံးစုံကိုမြင်ကြရ၍ မြတ်စွာဘုရား၏ အသရေတော်ကို ဖူးမြင်ရသူတိုင်း ဘုရားဆုကိုမတောင်းသူမရှိဟုဆိုပါသည်။ ဤသည်ကို ရည်မှတ်၍ သီတင်းကျွတ်လပြည့်နေ့တိုင်း မီးထွန်းပွဲများကိုကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ကြလေသည်။ သို့ဖြစ်ရာ- လူ့ပြည်ဆင်းသက်ပုံကို အာရုံပြု၍သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးပူဇော်ခြင်းသည် မြင်းမိုရ်ပွဲခေါ် မီးပူဇော်ပွဲမျှသာဖြစ်၍ အဘိဓမ္မာဒေသနာ ဟောကြားပြီးဆုံးခြင်းနှင့် အဘိဓမ္မာဒေသနာတော်ကို ကြည်ညိုလေးစား အာရုံထား၍ ပူဇော်ခြင်းမျိုးဖြစ်သော အဘိဓမ္မာအခါတော်နေ့အဖြစ်သို့ မရောက်နိုင်သည်ကို သတိချပ်စေလိုပါသည်။

**ထို့ကြောင့် အဘိဓမ္မာ (၇) ကျမ်းကို ဟောကြားတော်မူပြီး သီတင်းကျွတ်လပြည့်နေ့မှာ လူ့ပြည်သို့ ကြွလာတော်မူသည့်အတွက် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာနေ့ဟု သတ်မှတ်ခြင်းမဟုတ်ပါ။**

## အကြောင်းပြချက်

သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ သတ်မှတ်ခြင်းနှင့် ပတ်သက်၍ (၁)နတ်ဗြဟ္မာများအား နည်းပြည့်၌အကျယ် ဟောကြားပြီးဆုံးခြင်းသည်လည်း သီတင်းကျွတ် လပြည့်နေ့ (၂)ရှင်သာရိပုတ္တရာအား စန္ဒကူးတော၌ အကျဉ်းပြောကြားပြီးဆုံးခြင်းသည်လည်း သီတင်းကျွတ်လပြည့်နေ့ (၃)ရှင်သာရိပုတ္တရာကတပည့် ရဟန်းငါးရာအား မကျယ်မကျဉ်းသင်ကြားပို့ချ ဟောကြားပြီးဆုံးခြင်းသည်လည်း သီတင်းကျွတ်လပြည့်နေ့ပင် ဖြစ်ပါသည်။ ဤသို့ ထူးထူးကဲကဲ ဒေသ သုံးရပ်လုံး၌ အဘိဓမ္မာ ဒေသနာတော်ကို ဟောကြားပြီးဆုံးခြင်းသည် သီတင်းကျွတ်လပြည့်နေ့၌သာ ဖြစ်သဖြင့် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာအခါတော်နေ့များဟု သတ်မှတ်ပူဇော်ခြင်းမပြုလုပ်နိုင်စေကာမူ အဘိဓမ္မာ ဒေသနာတော်ကို လူ့ပြည်နတ်ပြည် ဒေသသုံးရပ်လုံး၌ ဟောကြားပြီးဆုံးသောသီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာ အခါတော်နေ့ဟု သတ်မှတ်ပူဇော်ကြခြင်းဖြစ်ပါသည်။

## မည်သို့ပြီးဆုံးသနည်း

မြတ်စွာဘုရား နတ်ပြည်၌ အကျယ်ဟောကြားပြီးဆုံးခြင်းနှင့် ရှင်သာရိပုတ္တရာက တပည့်ရဟန်းငါးရာအား မကျယ်မကျဉ်း သင်ကြားပို့ချ ဟောကြားပြီးဆုံးခြင်းသည် သီတင်းကျွတ် လပြည့်နေ့ တတိယ ပဟိုရ်အတွင်း ပြိုင်တူတပဟိုရ်တည်း ပြီးဆုံးသည် ဟုသန္နိဋ္ဌာန် ချ မှတ် အပ် ပါ သည်။ အထောက်အထားမှာ-

သမ္မာသမ္ဗုဒ္ဓဿ အဘိဓမ္မဒေသနာ ပရိယောသာနဉ္စ တေသံ ဘိက္ခူနံ သတ္တပ္ပကရဏဉဂ္ဂဟဏဉ္စ ကေပ္ပဟာရေနေဝ အဟောသိ (အဋ္ဌသာလိနီ။ ၁၇-၁၈)

**အနက်။** ။သမ္မာသမ္ဗုဒ္ဓဿ=မြတ်စွာဘုရား၏။ အဘိဓမ္မ -ဒေသနာ ပရိယောသာနဉ္စ=အဘိဓမ္မာဒေသနာတော်၏ ပြီးဆုံးခြင်းသည်၎င်း။ တေသံဘိက္ခူနံ = ထိုငါးရာသောတပည့်ရဟန်းတို့၏။ သတ္တပ္ပကရဏဉဂ္ဂဟဏဉ္စ=ခုနှစ်ကျမ်းသော အဘိဓမ္မာကိုသင်ကြားပြီးဆုံးခြင်းသည်၎င်း။ ဧကေပ္ပဟာရေနေဝ=တပြိုင်တည်းသော ခဏဌ်ပင်လျှင်။ အဟောသိ=ဖြစ်၏။

## ကေပ္ပဟာရေနေဝအဖွင့်

ကေပ္ပဟာရေနေဝ ဟူသောပုဒ်၌ ကေပုဒ်၊ ပဟာရပုဒ်၊ ဧဝပုဒ်အားဖြင့် ၃ ပုဒ်ခွဲ၍ယူရမည်။ ကေသဒ္ဒါသည်တခုတည်း-တပြိုင်တည်းဟူသော အနက်ကိုဟော၏။

ပဟာရပုဒ်ကို“ပဟရတိ ကသိကမ္မာဒိတံ ကိစ္စံကရောတိ ဧတ္ထာတိ ပဟာရော”ဟုအဓိကရဏသဓ်ဝစနတ္တဝိဂ္ဂဟ်ပြုဆို၍ လယ်ထွန်ခြင်းအစရှိသော အမှုကိစ္စကို ပြုလုပ်ရာဖြစ်သောကြောင့် နေ့အခါသည် ပဟာရမည်၏။

“ပဟာရိယန္တိ ဃဏ္ဍာဒယော ဧတ္ထာတိဝါ ပဟာရော” ဟု အဓိကရဏသဓ်ဝစနတ္တဝိဂ္ဂဟ် ပြုဆို၍ ကြေးစည်ခေါင်းလောင်း အစရှိသည်တို့ကို တီးခတ်ရာဖြစ်သောကြောင့် နေ့အခါသည် ပဟာရမည်၏။

ဧဝ- သဒ္ဒါသည် ဂဟေတဗ္ဗ အနက် ဆဋ္ဌေတဗ္ဗအနက်- ၂ချက်ကိုပြ၏။ သီတင်းကျွတ်လပြည့်နေ့၌ တတိယပဟာရ အချိန်အခါသည် ယူအပ်သော ဂဟေတဗ္ဗ အနက်မည်၏။ ကြွင်းကျန်သောပဟာရ အချိန်အခါသည် ပယ်စွန့်အပ်သော ဆဋ္ဌေတဗ္ဗ အနက်မည်၏။ ဤသို့ ၂ ပါးသောအနက်ကို ဧဝသဒ္ဒါ က ပြ၏။

## ဋီကာအဖွင့်များ

(က) ကေပ္ပဟာရေနာတိ ဧတ္ထ ပဟာရောတိ ဒိဝသဿ တတိယောဘာဂေါ ဝုစ္စတိ
( မူလဋီကာ- ၁၈)

(ခ) ကေပ္ပဟာရေနေဝါတိ ဒိဝသဿ တတိယ ဘာဂေန (အဋ္ဌသာလိနီယောဇနာ- ၂၂)

(က) ကေပ္ပဟာရေန၌ ပဟာရဟူသည်နေ့၏ တတိယ အဘို့ဘာဂကိုဆို၏။

(ခ) ကေပ္ပဟာရန ဟူသည် နေ့၏တတိယအဘို့ဖြင့်

ဖေါ်ပြပါဋီကာအဖွင့်များအရ အဋ္ဌသာလိနီစကားရပ် “ပဟာရ” အရ နေ့ကိုပထမ၊ ဒုတိယ၊ တတိယဟု ၃ ဘိုခွဲ၍ နောက်ဆုံး တတိယ အဘို ကိုယူသည်။ ညဉ့်ကို ပဌမ ယာမ်၊ ဒုတိယ ယာမ်၊ တတိယ ယာမ်ဟု ၃ ဘိုပြုသကဲ့သို့ နေ့ကိုလည်း ပထမပဟိုရ်၊ ဒုတိယပဟိုရ်၊ တတိယ ပဟိုရ်ဟု ၃ ဘိုပြုရမည်။ စက်နာရီအားဖြင့် ပိုင်းသော် နေ့-၁၂ နာရီရှိသည့်အနက် နံနက် ၆ နာရီမှ ၁၀ နာရီ အတွင်း ပထမပဟိုရ်၊ ၁၀ နာရီမှ ညနေ ၂ နာရီအတွင်း ဒုတိယပဟိုရ်၊ ညနေ ၂ နာရီမှ ၆ နာရီ အတွင်း တတိယ ပဟိုရ်ဟု ပိုင်းခြားအပ်၏။

## စန္ဒကူးတောဟော အဘိဓမ္မာပြီးဆုံးချိန်

စန္ဒကူးတော၌ အရှင်သာရိပုတ္တရာအား မြတ်စွာဘုရားအကျဉ်းနည်းပေး ဟောကြားတော်မူသော အဘိဓမ္မာဒေသနာတော်လည်း သိတင်းကျွတ် လပြည့်နေ့၌ပင် ပြီးဆုံးကြောင်း အထက်၌ ဆိုခဲ့၏။ ထိုစကားရပ်ကို ပါဠိတော်, အဋ္ဌကထာ, ဋီကာ စကားဖြင့် အထောက်ပြပါဟု ဆိုငြားအံ့ အောက်ပါအတိုင်း မှတ်သားစေအပ်ပါမည်။

(က) “ဓမ္မသေနာပတိ သာရိပုတ္တတ္ထေရောပိ တတ္ထ ဂတွာသမ္မာသမ္ဗုဒ္ဓဿဝတ္တံကတွာ ဧကမန္တံနိသီဒတိ၊ အထဿ သတ္ထာနယံဒေတိ၊ သာရိပုတ္တ တ္ထေကောဓမ္မော မယာဒေသိ တောတိ အာစိက္ခတိ။ ။ဓမ္မံ ဒေသေတွာ ဂစ္ဆန္တံဝါ အာဂစ္ဆန္တံဝါ ကောဇာနန္တိ ကေနဇာနန္တိတိ” (အဋ္ဌသာလိနီ-၁၇)

(ခ) “သာရိပုတ္တ အဇ္ဇမယာ တ္တေကောနာမ ဓမ္မောဘာသိတော၊ တွံ အတ္တနောအန္တေဝါ သိကာနံ ဘိက္ခုနံဝါစေဟီတိ ထေရဿ ကထေသိ” (ဓမ္မပဒအဋ္ဌကထာ - ၁၄၄) ဒုတိယအုပ်။

(ဂ) “သာရိပုတ္တတ္ထေရောပိ သတ္ထာရာ ဒေသိတံ ဒေသိတံ ဓမ္မံ အာဟရိတွာ အတ္တနော သဒ္ဓိဝိဟာရိကာနံ ပဥ္စန္နံ ဘိက္ခုသတာနံ ဒေသေသိ” (အဋ္ဌသာလိနီ-၁၇)

(က) တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည်လည်း ထိုစန္ဒကူးတောသို့ ကြွသွားတော်မူ၍ မြတ်စွာဘုရား၏ ဝတ်ကြီးဝတ်ငယ်ကို ပြုပြီးလျှင် သင့်တင့် လျှောက်ပတ်သော နေရာ၌နေ၏။ ထိုအခါမြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအား “သာရိပုတ္တရာ၊ ငါဘုရားသည် ဤမျှအတိုင်း အရှည်ရှိသော တရားကိုဟောကြားခဲ့လေပြီ” ဟု နည်းပေးတော်မူ၏။

မြတ်စွာဘုရားတရားဟောတော်မူပြီး၍ ကြွသွားတော်မူသည်ကိုင်း၊ ပြန်ကြွလာတော်မူသည် ကိုင်း အဘယ်နတ်တို့သိကြ၍ အဘယ်နတ်တို့မသိကြသနည်း။

(ခ) သာရိပုတ္တရာ၊ ယနေ့ငါဘုရားသည် ဤမျှအတိုင်း အရှည်ရှိသောတရားကိုဟောကြား တော်မူအပ်ပြီ။ သင်သည် မိမိ၏တပည့်ဖြစ်သော ရဟန်းတို့အား ပို့ချလေလော့ဟု ရှင်သာရိပုတ္တရာ အား မိန့်တော်မူ၏။

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ ၁၃၂၄-ခုနှစ်၊ အမှုဆောင်အဖွဲ့ လူကြီးများ



နောက်တန်း .... ဦးသန့်ဇင် ဦးဘမြင့် B.A. ဦးစိုးညွှိုင် B.A.B.L. ဦးမောင်မောင်ဘ B.C.S. ဦးသာဝင်း ဦးကျင်ဖေ

အလယ်တန်း .... ဦးကိုကို R.A. ဦးမြ (မြန်အောင်) ဦးအောင်ခင် ဦးတင်မောင် ဦးရှန် ဦးသိန်းဖေ ဦးဘမောင် (ထားဝယ်) ဦးစိုးညွန့် ဦးခင်မောင်ကြွယ်

ရှေ့တန်း .... ဒေါ်ခင်ခင် ဒေါက်တာ ဦးဘသိမ်း ဝဏ္ဏကျော်ထင် ဦးထူးရွှေ ဦးဘစိန် (ကျုံပျော်) ဦးကျော် ဦးဟုတ်စွမ် ဦးဘသိန်း ဦးအောင်မြတ် ဒေါ်အေး

(ဂ) အရှင်သာရိပုတ္တရာ မထေရ်သည်လည်း မြတ်စွာဘုရားဟောတိုင်း ဟောတိုင်းသော အဘိဓမ္မာတရားကို ဆောင်ယူခဲ့ပြီးလျှင် မိမိ၏ တပည့်ရဟန်းငါးရာတို့အား ဟောကြားတော်မူ၏။

ဤမိန့်ဆိုချက်များအရ မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး သီတင်းကျွတ်လပြည့်နေ့တိုင်အောင် စန္ဒကူးတောသို့နေ့စဉ်ကြွတော်မူ၍ အရှင်သာရိပုတ္တရာအား အဘိဓမ္မာဟောကြောင်း၊ အရှင်သာရိပုတ္တရာက မိမိတပည့်ငါးရာအား နေ့စဉ်သင်ကြားပို့ချပေးကြောင်းကိုပြ ဆို၏။

(ဃ) "သာရိပုတ္တ အဋ္ဌမယာ ဝေဠု ဝေဠ တွေကော ဓမ္မော ဘာသိတော၊ နိမ္မိတ ဗုဒ္ဓေန တွေကော၊ တံ့အဟ္တနော အန္တေဝါသိကာနံ ပဉ္စသတာနံ ဘိက္ခူနံ ဝါစေဟီတိ ကထေတိ" (ဇိနာလင်္ကာရ - ၂၉၃ - သုဓမ္မဝတီ၊ ၁၉၂၆ ခုနှစ် ရိုက်)

(ဃ) သာရိပုတ္တရာ၊ ယနေ့ငါဘုရားသည် ဤသို့ ဤသို့လျှင် ဤမျှအတိုင်း အရှည်ရှိသော တရားကို ဟောကြားခဲ့ပြီ၊ နိမ္မိတဘုရားသည် ဤမျှအတိုင်း အရှည်ရှိသော တရားကိုဟောကြားနေ၏။ သင်သည် မိမိ၏တပည့်ငါးရာတို့အား သင်ကြားပို့ချပေးလေလော့ဟု မိန့်တော်မူ၏။

ဤဇိနာလင်္ကာရ စကားရပ်ဖြင့် မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော တရားကိုသာ ဟောကြားရုံမက၊ နိမ္မိတဘုရား ဟောတော်မူနေသော တရားအားလုံးကိုပါ ဟောကြားကြောင်းပြဆို၏။

(င) "တယော မာသေ နိရန္တရံ ပဝတ္တိတ ဒေသနာ။ ။ဧဝံ တေမာသံ နိရန္တရံ ဒေသေန္တဿ...." (အဋ္ဌသာလိနီ - ၁၆)

(စ) "ဧဝံ တယောမာသေ နိရန္တရံ အဘိဓမ္မပိဋကံ ကထေသိ" (ဓမ္မပဒအဋ္ဌကထာ - ၁၄၄) ဒုတိယအုပ်။

(င) ဝါတွင်းသုံးလပတ်လုံး မပြတ်မလတ် ဖြစ်စေအပ် ဟောကြားအပ်သော ဒေသနာသည်-ဤသို့ ဝါတွင်းသုံးလပတ်လုံး မပြတ်မလတ် ဟောကြားတော် မူသောမြတ်စွာဘုရားအား -

(စ) ဤသို့ ဝါတွင်းသုံးလပတ်လုံးမပြတ်မလတ် အဘိဓမ္မာပိဋကကို ဟောကြားတော်မူ၏။

ဤအထက်ပါ စကားရပ်များဖြင့် မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး သီတင်းကျွတ်လပြည့်အဖိတ်နေ့တိုင်အောင် စန္ဒကူးတောသို့ကြွ၍ ကိုယ်တော်တိုင် ဟောသောတရား နိမ္မိတဘုရား ဟောသောတရားများကို အရှင်သာရိပုတ္တရာအား ဟောကြားကြောင်းကို တိုက်ရိုက်ပြဆို၏။ အတ္ထာပန္နနည်းအားဖြင့် သီတင်းကျွတ်လပြည့်နေ့၌လည်း အပြည့်အစုံ အပြီးအဆုံး ဟောကြားကြောင်းကို ပြဆို၏။

အတ္ထာပန္နနည်းအားဖြင့် ယူဆမှုကိုလက်မခံနိုင်၊ စာပေတိုက်ရိုက်ရှိမှ လက်ခံနိုင်မည်ဟု "ဆိုကဲ့သို့ အပေါက်ရှာတတ်သည့် ပုထုဇဉ်တို့ဓမ္မတာအရ" ကပ်ကိုးငြင်း တတ်သူတို့အဖို့ အောက်ပါ ပြဿနာများပေါ်လာ၏။

## ပြဿနာများ

(၁) သီတင်းကျွတ်လပြည့်နေ့၌ အရှင်သာရိပုတ္တရာအား ပြည့်စုံပြီးဆုံးအောင် မဟောလျှင်မည်သည့် အခါ၌ဟောသနည်း။ ပဋ္ဌာန်း "ဓမ္မပစ္စနီယာနုလောမ" ကိုတပိုင်းတစ ချန်ထားခဲ့သလော? လုံးဝ မဟောတော့ ဘူးလော?

(၂) တာဝတိံသာနတ်ပြည်မှတဖန် စန္ဒကူးတောသို့ပြန်ကြွလာပြီး ဟောတော်မူသလော?

(၃) သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့ ရောက်မှတနေရာရာမှာ ပြီးဆုံးအောင် ဟောတော်မူသလော?

(၄) ·အဖိတ် နေ့ကပင် မြန်မြန် ပြီးလိုသော ဆန္ဒတော်ဖြင့် အပြီးရောက်အောင် ဟောတော်မူခဲ့ သလော?

(၅) ထိုသို့မဟုတ် သီတင်းကျွတ်လပြည့်နေ့၌ပင် အပြီးအဆုံး ဟောတော်မူသလော ဟူသော ပြဿနာများပေါ်လာလိမ့်မည်။

## အဖြေ

(၁-၂)အရာမဟုတ်၊ အကြောင်းမဟုတ်၊ မဖြစ်နိုင်သဖြင့် ဖြေဆိုဘွယ်မရှိ။

(၃) သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့မှ ပြီးဆုံးသည်ဟု ယူဆလျှင် အရှင်သာရိပုတ္တရာက နောက်ပိုင်းဖြစ်သော"ဓမ္မပစ္စနီယာနုလောမပဋ္ဌာန်း" အတွက် မိမိကိုယ်တိုင် နည်းမရမီကပင် တပည့်များအား အပြီးတိုင်သင်ကြား ပေးစွမ်းနိုင်ခဲ့သည်ဟု မလိုအပ်သော အနက်သဘော သက်ရောက်သဖြင့်မလျှောက်ပတ်။

(၄) အဖိတ်နေ့ကပင် မြန်မြန်ပြီးလို၍ အပြီးရောက်အောင် ဟောခဲ့သည်ဟုဆလျှင် (၁၃) ရက်နေ့ (၁၄) ရက်နေ့နှင့် လပြည့်နေ့တို့အတွက် စုပေါင်း၍ တခါတည်း နည်းပေးခဲ့သည်ဟု ဆိုရာ ရောက်တော့မည်။ ထိုသို့ဖြစ်က နည်းပေးများလွန်းလှ ကြောင့်ကြအားကြီးလှခြင်း အပြစ် ရောက်သာဘွယ်ရှိသည်။ မြတ်စွာဘုရားတို့ ဓမ္မတာမှာ ထိုထိုကိစ္စတို့အတွက်ကြိုတင်၍ သိတော် မူနှင့်ပြီးဖြစ်ရကား လူသာမန်တို့ကဲ့သို့ သီတင်းကျွတ်လပြည့်နေ့မှ အဘိဓမ္မာကို ဟောရမည့် အရေး လူ့ပြည်သို့ သက်ဆင်းရမည့်အရေး ကိစ္စတွေ ထွေးရှုတ်လှသဖြင့် အဖိတ်နေ့ကပင် အရှင်သာရိပုတ္တရာအား အပြီးတိုင်နည်းပေးပါမှ လပြည့်နေ့ငါဘုရား သက်သာတော်မူမည် ဟု ကြံစီတော်မူမည်မဟုတ်ရကား အဖိတ်နေ့ဟောမှုမှာလည်း မလျှောက်ပတ်။

(၅) အထက်ပါ ပြဿနာလေးချက်အတွက် အဖြေမပေါ်လျှင် "သီတင်းကျွတ်လပြည့်နေ့ မှာပင် စန္ဒကူးတော၌ အပြည့်အစုံအပြီးအဆုံးဟောကြောင်း"ကို လက်ခံရပေမည်။

ဤအကြောင်းပြချက်တို့ဖြင့်ပြည့်စုံလုံလောက်သည်တိုင်အောင် စာပေမှာ တိုက်ရိုက်မိန့်ဆိုကြ သော အထောက်အထားများကို သိလိုကြသေးမူကား အောက်ပါ အထောက်အထားများကို ရေး ပေအံ့။

## တိုက်ရိုက်မိန့်ဆိုကြသော စာပေများ

### အဋ္ဌသာလိနီဂဏ္ဌိသစ် (ပြည်ဆရာတော်ရေးသည်)

၁။ (က) မြတ်စွာဘုရားသည် ပထမအဘိုပဟိုရ်၌ မြောက်ကျွန်း၌ ဆွမ်းခံ၍အနောတတ္တအိုင် ၏ အနီး၌ ဘုဉ်းပေးတော်မူသည်။

(ခ) ဒုတိယအဘိုပဟိုရ်၌ စန္ဒကူးတောဝယ် သီတင်းသုံး၍ အရှင်သာရိပုတ္တရာအား ဟော ပြီးတရား(မနေ့အဖိတ်ကိုဆိုလိုသည်) နိမ္မိတဘုရားသည်ဝင်။

(ဂ) ကိုယ်တော်သည်ဝင်း ထိုနေ့ (လပြည့်နေ့ကိုဆိုလိုသည်) ဟောလတ့်သော တရားကို ဟောတော်မူသည်။

၂။ ဝိမလာစာရာဘိဓဇ မဟာရာဇာဓိရာဇဂုရု တံဆိပ်နာမံတော်ရှိ မင်းခင်းဆရာတော် ၏ အဋ္ဌ သာလိနီဂဏ္ဌိသစ် ၉၆-၌

(က) မြတ်စွာဘုရားသည်တပါးသောနေ့တို့၌ (လပြည့်နေ့မှ တပါးသော ဝါတွင်း သုံးလကို ဆိုလိုသည်) ကိုယ်တော်သည်ဝင်း၊ နိမ္မိတဘုရားသည်ဝင်း၊ ဟောအပ်သော အဘိဓမ္မာကိုပေါင်း၍ "သာရိပုတ္တရာ ငါသည် ဤမျှအတိုင်း အရှည်ရှိသောတရားကို ဟောအပ်၏" ဟု ဟောအပ်သော အဘိဓမ္မာကိုကြားတော်မူ၏။

(ခ) ထိုနေ့၌မူကား (လပြည့်နေ့ကိုဆိုလိုသည်) ဟောအပ်သော အဘိဓမ္မာကိုလည်းကြား အပ်၏။ နိမ္မိတဘုရားသည် ဟောအပ်လတံ့သော အဘိဓမ္မာကိုလည်း "သာရိပုတ္တရာ-နိမ္မိတဘုရား သည် ဤမျှအတိုင်းအရှည်ရှိသောတရားကို ဟောအပ်လတံ့"ဟူ၍ကြားအပ်၏။

(ဂ) ကိုယ်တော်သည်လည်း ဟောအပ်လတံ့သောတရားကို "ငါသည် ဤမျှအတိုင်း အရှည်ရှိသော တရားကို ဟောအပ်လတံ့"ဟူ၍ ကြားအပ်၏-ဟုအတိအကျ အသေအချာလေးစား အပ်သော ဂဏ္ဌိဆရာတော်နှစ်ပါးလုံးပင် စန္ဒကူးတော၌ သီတင်းကျွတ်လပြည့်နေ့တွင် အပြည့်အစုံ အပြီးအဆုံးဟောတော်မူကြောင်း မိန့်ဆိုတော်မူကြပေသည်။

ထိုဂဏ္ဌိဆရာတော်တို့သည် အတ္တနောမတိအားဖြင့် မိန့်ဆိုကြသည်မဟုတ်၊ အောက်ပါ အဋ္ဌ ကထာ, ဋီကာများကို ကြည့်ရှု၍ သဘောသက်ဝင်သည် အားလျော်စွာသာ ရေးသားတော်မူကြ ပေသည်။

## အကိုးအကားပါဠိများ

(က) "သော ဘိက္ခာစာရဝေလံ သလ္လက္ခေတွာ နိမ္မိတဗုဒ္ဓံ မာပေတွာ(ပ) သုရတ္တဒုပဋ္ဋံ နိဝါသေတွာ စီဝရံ ပါရုပိတွာ စာတုမဟာရာဇဒတ္တိယံ သေလမယံ ပတ္တံ အာဒါယ ဥတ္တရကုရုံ ဂစ္ဆတိ။ တတော ပိဏ္ဍပါတံ အာဟရိတွာ အနောတတ္တဒဟတီရေ နိသိန္နော တံ ပရိဘုဥ္ဇိတွာ"(အဋ္ဌသာလိနီ ၁၆-၁၇။ဓမ္မပဒလည်းနည်းတူ)

(ခ) "ဒိဝါဝိဟာရာယ စန္ဒနဝနံ ဂစ္ဆတိ။ ဓမ္မသေနာပတိ သာရိပုတ္တတ္ထေရောပိ တတ္ထ ဂန္တွာ (ပ)-တ္တေကောဓမ္မောမယာ ဒေသိတောတိ အာစိက္ခတိ" (အဋ္ဌသာလိနီ- ၁၇။ဓမ္မပဒ၊ ဇိနာလင်္ကာရ နည်းတူပင်။)

## ရန်ကုန် မြို့တော်ခမ်းမတွင် ပူဇော်ကျင်းပသော
## ၁၃၂၄-ခု၊ (၁၄)ကြိမ်မြောက်
# အဘိဓမ္မာ အခါတော်နေ့ အခမ်းအနား



အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရား အခမ်းအနားဖွင့်ပြီး ပန်းဆီမီးတို့ဖြင့်ပူဇော်စဉ်။



သက်တော်ရှည် ဆရာတော်ဘုရားများအား အဆောင်အယောင်ဖြင့်ပင့်ဆောင်လာခြင်း။

(ဂ) "သမ္မာသမ္ဗုဒ္ဓေါ အဘိဓမ္မဒေသနာ ပရိယောသာနဥ္စ တေသံ ဘိက္ခူနံ သတ္တပ္ပကရဏာဥဂ္ဂဟဏဥ္စ ကေပ္ပဟာရေနေဝ အဟောသိ" (အဋ္ဌသာလိနီ။ ၁၇-၁၈)
"တေ သတ္တရိဒေဝလောကေ ဝိဟရန္တေ ယေဝ သတ္တ ပကရဏာနိ အဟေသုံ" (ဓမ္မပဒအဋ္ဌကထာ-၁၄၅) ဒုတိယအုပ်။

ဤပါဠိအကိုးအကားသုံးချက်တို့တွင်(ဂ)အချက်၌ မြတ်စွာဘုရား၏ အဘိဓမ္မာကိုဟောကြား၍ ပြီးဆုံးမှုနှင့် အရှင်သာရိပုတ္တရာ၏ တပည့်ရဟန်းတို့အဘိဓမ္မာ(၇)ကျမ်းကိုသင်ယူခြင်း၏ ပြီးဆုံးမှုတို့မှာ တပေါင်းတည်းဖြစ်၏ ဟူ၍ရှင်း၊ မြတ်စွာဘုရားသည် သင်္ကဿနဂိုရ်ပြည်သို့ကြွတော်မမူသေးဘဲ တာဝတိံသာ နတ်ပြည်၌ သီတင်းသုံးနေထိုင်တော်မူစဉ်ပင် ထိုရဟန်းငါးရာတို့မှာအဘိဓမ္မာ (၇) ကျမ်းဆောင် ရဟန်းတော်များဖြစ်ကုန်ကြပြီးဟူ၍ရှင်း ပြဆိုချက်ဖြစ်ပေသည်။

အထက်ပါ အဋ္ဌကထာပြ စကားရပ်၌ အရှင်သာရိပုတ္တရာအား စန္ဒကူးတော၌ပင် လပြည့်နေ့က အပြည့်အစုံ ဟောကြားသဖြင့်သာ အရှင်သာရိပုတ္တရာမှာ အဘိဓမ္မာ (၇) ကျမ်းတတ်အရှင်တပါးဖြစ်ပေသည်။ အဘိဓမ္မာ(၇)ကျမ်းကို အပြည့်အစုံကြားနာရ၍ အဘိဓမ္မာ(၇) ကျမ်းတတ်မြောက်ပြီးသော အရှင်သာရိပုတ္တရာက တဖန်မိမိ၏တပည့်ရဟန်းငါးရာတို့အား သင်ကြားပို့ချပေးသဖြင့်သာ တပည့်များမှာလည်း အဘိဓမ္မာ(၇)ကျမ်းဆောင် ရဟန်းတော်များဖြစ်နိုင်ကြကြောင်း ထင်ရှားလှပေသည်။

ဤပြဆိုခဲ့ပြီးသော သဘာဝယုတ္တိ-အာဂမယုတ္တိတို့ဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် စန္ဒကူးတော၌ အပြည့်အစုံ အပြီးအဆုံးဟောကြောင်းမှာ ထင်ရှားပေပြီ။

## နိဂုံး

ထို့ကြောင့် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာ အခါတော်နေ့ဟု သတ်မှတ် ရခြင်းအကြောင်းမှာ-

"မြတ်စွာဘုရားသည် အဘိဓမ္မာဒေသနာတော်ကို ဝါတွင်းသုံးလပတ်လုံး အရှင်သာရိပုတ္တရာအား စန္ဒကူးတော၌ အကျဉ်းသင်္ခေပနည်းဖြင့် ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ အပြည့်အစုံ ပြီးဆုံးစေခဲ့သည်တကြောင်း။

ထို့ပြင်တပါး တာဝတိံသာနတ်ပြည်၌ နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာဒေသနာတော်ကို အကျယ်ဟောကြားမှု အပြည့်အစုံပြီးဆုံးခြင်းနှင့် အရှင်သာရိပုတ္တရာက မိမိ၏တပည့်ရဟန်းငါးရာတို့အား မကျယ်မကျဉ်း နာတိဝိတ္ထာရ, နာတိသင်္ခေပနည်းဖြင့် သင်ကြားပေးမှု၏ ပြည့်စုံပြီးဆုံးခြင်းသည်လည်း သီတင်းကျွတ်လပြည့်နေ့မှာပင် 'ပြိုင်တူတပေါင်းတည်း' အပြည့်အစုံ ပြီးဆုံးစေခဲ့သည်လည်းတရပ်။"

ဤအကြောင်းရပ်များကြောင့် သီတင်းကျွတ် လပြည့်နေ့ကို အဘိဓမ္မာ အခါတော်နေ့ဟု ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးက သတ်မှတ်ကြပါသည်။

**အမှုဆောင်အဖွဲ့**
အဘိဓမ္မာပြန့်ပွားရေးအသင်း၊
ရန်ကုန်မြို့။

## ၁၃၂၄-ခုနှစ်တွင် မြို့ရွာခရိုင်အသီးသီး၌

# အဘိဓမ္မာ အခါတော်နေ့ ပူဇော်ကျင်းပခြင်း

၁၃၂၄-ခု နှစ်တွင် မြန်မာနိုင်ငံတဝှမ်းလုံးရှိ မြို့ရွာခရိုင်အသီးသီး၌ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲများကျင်းပပြုလုပ်ကြကြောင်း မြို့ရွာခရိုင်များရှိ ခရိုင်သာသနာရေးအရာရှိများ အုပ်ချုပ်ရေး အဖွဲ့များနှင့် ဗုဒ္ဓဘာသာအသင်းအဖွဲ့များမှ ပြန်ကြားစာများအရ သိရှိရသော ဌာနများမှာ—

(၁) မြစ်ကြီးနားခရိုင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အစိုးရအထက်တန်းကျောင်း ဟိုပင်မြို့ရှိ ၇-မိုင်ကုန်းကျောင်း-လွှင်ဦးကျောင်း-ရွာသစ်ကြီး-ရွာသစ်ကလေးကျောင်း-ဇောတိမုန်းရွာ-နမ်ခမ်းကျောင်း-တကွင်ကျောင်း-အင်းလေးကျောင်းနှင့် ပူတာအိုမြို့ အစိုးရအထက်တန်းကျောင်း ဗုဒ္ဓဘာသာအဖွဲ့တို့တွင် ၁၀ ဌာန။

(၂) ဗန်းမော်ခရိုင် ဗန်းမော်မြို့လက်ပန်တန်းရပ်-သိမ်တော်ကြီး-ခွန်သာရပ်-ညောင်ပင်သာကုန်း တောင်ရပ်-မြောက်ရပ်-ရေနီရွာ သပြေကုန်းရွာများတွင် ၈ ဌာန။

(၃) ကသာခရိုင်-ကသာမြို့-ဝန်သိုမြို့-မဲဇလီ-ကနဖေါနှင့် မော်လူးမြို့-အုန်းတုပ်ရွာ-မင်းသာမကျီးကုန်း စီပိန်ရွာများတွင် ၈ ဌာန။

(၄) နာဂခရိုင် ခန္တီးမြို့နှင့်ကျေးလက်ရွာများဖြစ်ကြသော- ကောယား - မောင်းခမ်း - အုန်းဘက်ရွာ - ညောင်ပင်ရွာ - မိုင်းဝယ်ရွာ - နားသဲရွာနှင့် ဟုမ္မလင်းမြို့နယ်မှ ထွက်ဝ -ညောင်ကုန်းကျေးရွာတို့တွင် ၈ ဌာန။

(၅) ချင်းဝိသေသတိုင်းတွင် ဖလမ်း - ဟားခါ - တီးတိန်မြို့များတွင် ၃ ဌာန။

(၆) အထက်ချင်းတွင်းခရိုင် - မော်လိုက်မြို့ - ကလေးမြို့ - မင်းကင်းမြို့ - တမူးမြို့ - ဖေါင်းပြင်မြို့နယ် - ကျမ်းတန်းရွာ - ကျွန်းတောင်းရွာများတွင် ၇ ဌာန။

(၇) အောက်ချင်းတွင်းခရိုင် - မုံရွာမြို့-ဆားလင်းကြီးမြို့နယ်နှင့် ကျေးလက်တောရွာများတွင် ၃ ဌာန။

(၈) ရွှေဘိုခရိုင် ရွှေဘိုမြို့ - ကန့်ဘလူမြို့ - သစ်ရာပင်မြို့ - ကျွန်းလှမြို့နယ် - တောဗိုလ်ကျောင်း၊ ဇီးတောကျောင်း - ရွာသီကျောင်း - သံဘိုကျောင်း - ပေါက်ပင်ဆိပ်ကျောင်း-ရေဦးမြို့ - ဝက်လက်မြို့၊ ကျောက်မြောင်းမြို့နယ်နှင့် မိုးကုတ်မြို့များတွင် ၁၃ ဌာန။

(၉) စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့ သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့ - မင်းကွန်းမြို့ ဓမ္မနာဒချောင်ကျောက်တလုံး - ရွာသစ်ကြီး - မြင်းမူမြို့နယ် ညောင်ရင်းရွာ - ကျီးမင်းနားရွာ-စစ်ကိုင်းမြို့နယ်-စကျင်ကျေးရွာများတွင် ၈ ဌာန။

(၁၀) မန္တလေးခရိုင် မန္တလေးမြို့ အရပ်ဓမ္မာရုံတိုင်း - အမရပူရမြို့ - မတ္တရာမြို့နယ် သုံးဆယ်ပေးရွာ-စဉ့်ကူးမြို့နယ် ကိုင်းတောရွာနှင့် မေမြို့ ကျေးလက်တောရွာများတွင် ၃၇ ဌာန။

(၁၁) ကျောက်မဲခရိုင် ကျောက်မဲမြို့ - သီပေါမြို့ - မိုးမိတ်မြို့ - ရွှေတောင်ဦးဘုရား ဓမ္မာရုံနှင့် မန်ကျည်းပင်-ဖသင်း-ကြိမ်တော ကျေးလက်တောရွာများတွင် ၆ ဌာန။

(၁၂) ရှမ်းပြည်မြောက်ပိုင်း- လားရှိုးခရိုင် - လားရှိုးမြို့ - နမ္မတူဘော်တွင်း-သိန္နီမြို့-ကုတ်ခိုင်-နမ်းခမ်း-မူဆယ်မြို့များတွင် ၇ ဌာန။

(၁၃) ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံမြို့ - မဟာမုနိဘုရားကျောင်း- လွယ်လင်ခရိုင် လွယ်လင်မြို့ ဟိုးပန်မြို့များတွင် ၃ ဌာန။

(၁၄) ရှမ်းပြည်တောင်ပိုင်း တောင်ကြီးခရိုင်၊ တောင်ကြီးမြို့ - ကလောမြို့ - မိုင်းပျိုးရွာ တောင်ဖိုနီ-ဘိခေါင်းရွာ-နန်းပန်းရွာ-ဘုရားပေါက် ဟဲဟိုးမြို့-ဟိုပုံးမြို့များတွင် ၁၃ ဌာန။

(၁၅) ပခုက္ကူခရိုင် ပခုက္ကူမြို့မှ သီဟိုဠ်ဘုရားရင်ပြင်တော် - အောင်ချမ်းသာဓမ္မာရုံ-စွန်သိုက်ရပ် ဓမ္မာရုံ - ကျောက်စေတီဓမ္မာရုံ-ရွှေမုဋ္ဌောဘုရားရင်ပြင်တော် - ရွှေချောင်းရပ်ဓမ္မာရုံ - အကျဉ်းဌာန ဓမ္မာရုံ - ရဲဓမ္မာရုံ - ဒေါင်လှရပ် မိုးကောင်းဓမ္မာရုံ - ပဒိုင်းခြုံရွာဓမ္မာရုံ - မြောက်လူးကဲရွာ-မြစ်ခြေ သာသနဟိတကာရီဓမ္မာရုံ - ရေစကြိုမြို့နယ် ဗုဒ္ဓသာသနအဖွဲ့ ပုခမ်းကြီး စည်သူရှင် ဘုရားရင်ပြင်တော် ဖွတ်လျှိုးရွာ – သမန္တာဘိုရွာ - မုံညင်းရွာ - မြေဖြူရွာ-မြိုင်မြို့နယ်-ဝိပဿနာပြန့်ပွားရေးအသင်း-အုံတုံပင် ရွှေချောင်းမဟာသတိပဋ္ဌာန်တိုက်-ရွှေကွန်ချာကျောင်းရိပ်သာ-လယ်စုကျောင်းရိပ်သာ - သံပုရာခြံသာ သန ဝိပုလ္လကျောင်းရိပ်သာ–ညောင်ပင်ရွာ–ပေါက်မြို့နယ်နှင့်ကျေးလက်တောရွာများ၊ထီးလင်းမြို့နယ် ထီးလင်းမြို့ - ရင်ရောင်း-ဝက်သက်ရွာမ–ဝက်သက်မြောက်ရွာ-ညောင်ကံ - ပုဏ္ဏား-အုံးတော-ယုံဆင်း ဝါးဘိုချောင်း - ပဇင်းချောင်း - သရခါး - ထလင်း - မြင်ပ - တောရောင်း - ဆင်စွယ် - ကျောက်အုပ် ပလိန်ကိုင်း - ဒန်ဒီး - ကျင်း - ဒေါ်သာ စသည့်ကျေးရွာများ- ဂန့်ဂေါမြို့နယ်-ဂန့်ဂေါမြို့ ခင်သာရပ်- စည်ပင်သာယာရပ် - မြို့မအရှေ့ရပ် - တောင်ကုန်းရပ်-လပိုကျေးရွာ-ဆောမြို့နယ်ဆောမြို့နှင့် ကျေးလက် တောရွာများ - ဆိပ်ဖြူမြို့နယ်နှင့် ကျေးလက်တောရွာ အစရှိသည့်ဌာနပေါင်း ၇၈ ဌာန။

(၁၆) မြင်းခြံခရိုင် မြင်းခြံမြို့နှင့် နွားထိုးကြီးမြို့များတွင် ၂ ဌာန။

(၁၇) ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့၊ မြစ်သားမြို့ တံတားဦးမြို့နှင့် ထောက်ရည်ကျေး ရွာ၊ အင်းကူကျေးရွာ၊ ရုံးပင်ကျေးရွာများတွင် ၆ ဌာန။

(၁၈) မိတ္ထီလာခရိုင် မိတ္ထီလာမြို့မှ ပဋ္ဌိပတ္တိသာသနာ နုဂ္ဂဟအသင်း၊ မလှိုင်မြို့၊ ဝမ်းတွင်းမြို့ သာစည်မြို့နှင့် မိတ္ထီလာဝက်ဦးကျောင်းများတွင် ၅ ဌာန။

(၁၉) ရမည်းသင်းခရိုင် ရမည်းသင်းမြို့ သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့များ သိမ်ကုန်းမာသ ဆွမ်းလောင်းအသင်းအဖွဲ့-ပျဉ်းမနားမြို့ အဘိဓမ္မာပြန့်ပွားရေးအသင်း-ပျော်ဘွယ်မြို့-တပ်ကုန်း-ကျည် တောင်ကန်မြို့ များတို့တွင် ၇ ဌာန။

(၂၀) တောင်ငူခရိုင် တောင်ငူမြို့-ရေတာရှည်မြို့၊ အုတ်တွင်းမြို့နယ်ကြက်တက်ညောင်ပင်ရွာ- ပဒဲရွာ၊ ကျွဲပွဲမြို့၊ တင်းကုတ်တန်းနှင့် ကျေးလက်တောရွာများတွင် ၇ ဌာန။

(၂၁) သရက်ခရိုင် သရက်မြို့၊အစိုးရဲဘီးလပ်မြေစက်ရုံ ဗုဒ္ဓဝေယျာဝစ္စ အသင်း၊ အောင်လံမြို့၊ ဆင်ပေါင်ဝဲ မင်းဘူန်းမြို့နယ်များတွင် ၅ ဌာန။

(၂၂) မင်းဘူးခရိုင် မင်းဘူးမြို့၊ စလင်း၊ ဆိပ်ဖြူမြို့နှင့် ကျေးလက်များ ရွာသစ် ကိုတောင်ရွာ တဲကြီးရွာ၊ ပင်းတလဲရွာ မဲဇလီကွေ့ရွာ၊ ချောင်းမကြီးရွာ၊တူးရှင်းမျှောရွာ၊ချိုက်ရွာတို့တွင် ၁၀ ဌာန။

(၂၃) ကယားပြည်နယ် လွယ်ကော်မြို့၊ ဗုဒ္ဓဘာသာအဖွဲ့ပေါင်းစုံနှင့် ကျေးလက်ဒေသများ တွင် ၂ ဌာန။

## ရန်ကုန် မြို့တော်ခန်းမတွင် ပူဇော်ကျင်းပသော
## ၁၃၂၄-ခု၊ (၁၄) ကြိမ်မြောက်
# အဘိဓမ္မာ အခါတော်နေ့ အခမ်းအနား



အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရား အခမ်းအနားဖွင့်
ဩဝါဒကထာ မိန့်ခွန်းမြွက်ကြားစဉ်။



သံဃာတော်များအား စာရေးတန်ခဲဖြင့် လှူဒါန်းနေစဉ်။

(၂၄) ကရင်ပြည်နယ် ဘားအံမြို့နှင့် ကျေးလက်တောရွာများ ၂ ဌာန။

(၂၅) မကွေးခရိုင် မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ရွှေအင်းတောင်စေတီ ဂေါပက အဖွဲ့နှင့် ကျေးလက်တောရွာများတွင် ၅ ဌာန။

(၂၆) စစ်တွေခရိုင် စစ်တွေမြို့၊ ရသေ့တောင်နှင့် ခနောင်းကြီးရွာ၊ ထွန်းရဝေရွာ၊ ကုန်းတန်းရွာ၊ ဂွမြို့၊ မြို့ဟောင်းမင်းပြား၊ ပုဏ္ဏားကျွန်းမြို့နယ်များတွင် ၉ ဌာန။

(၂၇) ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နှင့် ကျေးလက်ဒေသများ၊ မန်အောင်မြို့၊ ရွာသစ်ကူးတို့ဆိပ်ကျေးရွာများတွင် ၃ ဌာန။

(၂၈) သံတွဲခရိုင် သံတွဲမြို့၊ တောင်ကုတ်မြို့၊ ကျောက်ကြီး ကုလားပြင် ကျေးရွာများတွင် ၇ ဌာန။

(၂၉) ပုသိမ်ခရိုင် ပုသိမ်မြို့၊ အိုးဘိုတန်း သက်ကယ်သောင်ရွာ အသုတ်မြို့၊ ပေုတောနှင့် ချောင်းခွရွာ ငသိုင်းချောင်းမြို့၊ ဟိုင်းကြီးနယ် ပြင်ပခရိုင် ကျေးရွာများတွင် ၇ ဌာန။

(၃၀) မအူပင်ခရိုင် မအူပင်မြို့နှင့် မြို့နယ်များ၊ ရွှေတောင်မှော်-ပန်းတောကျေးရွာ အောက်တုံးကျေးရွာ၊ သုံးခွ၊ ဝါးတောကျေးရွာ၊ ထနီကျေးရွာ၊ သံကြိုးတိုင်ကျောင်း၊ မန်းကျောင်း၊ ကျွဲတုံးကျေးရွာ၊ ရွှေဒဂုံကျွန်း၊ ပေါ်တော်မူကျေးရွာ၊ တရုပ်လပ်ကျေးရွာ၊ ဝါးတောကျေးရွာ၊ ထနီဒေါင့်ကျေးရွာ၊ မီးသွေးချောင်းကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ပန်းတနော်မြို့၊ မင်းဂရုကျေးရွာ၊ ရွှေလှေကျေးရွာ၊ ဓနုဖြူမြို့နယ် ဓနုဖြူမြို့၊ ဇကာကြီးမိတ္တိလာကျောင်း၊ တောင်ကျောင်း၊ ညောင်တုံးမြို့နယ် ညောင်တုံးမြို့၊ ပဲရုံဆိပ်လှိုင်တာကျေးရွာဝတ္တက ကျောင်းတိုက်တွင် ၃၀ ဌာန။

(၃၁) ဖျာပုံခရိုင် ဖျာပုံမြို့၊ ဘိုကလေးမြို့၊ ကျိုက်လပ်မြို့၊ ဒေးဒရဲနှင့် ကျေးလက်တောရွာများတွင် ၉ ဌာန။

(၃၂) မြောင်းမြခရိုင် မြောင်းမြမြို့၊ ဝါးခယ်မမြို့၊ မော်ကျွန်း၊ ကျုံမငေးမြို့၊ အိမ်မဲမြို့၊ ကန်ဘက်မြို့နှင့် လပွတ္တာမြို့ ဦးတာတီး ထံမှရရှိသည့် စာရင်းအရ ဆုတောင်းပြည့် ဘုရားအသင်း လေးထပ်ကျောင်း၊ တာဝတိံသာ အသင်း ဂန္ဓဝေါကျောင်း၊ ကိုးကလေးအသင်း တောရကျောင်း၊ ကျောက်မှော်ရွာ ကျောက်ဖြူရွာ၊ ကံဘဲရွာများတွင် ၂၀ ဌာန။

(၃၃) ဟင်္သာတခရိုင် ဟင်္သာတမြို့၊ ထူးကြီးမြို့၊ သာသနာ့ဟိတ်အဖွဲ့နှင့် အဘိဓမ္မာပြန့်ပွားရေး အသင်း၊ မြန်အောင်မြို့၊ ကနောင်မြို့နှင့် ကျေးလက်များ ရွှေရောင်ပြ လောကမုနိန် အဘယာရာမ မုတ်ဆိုးကွင်း၊ ရေတွင်းကုန်း၊ တွင်းသာကျေးရွာများ အင်္ဂပူမြို့နယ် ကွင်းကောက်ရွာ အညာတန်းရွာ ကြံခင်းမြို့နယ် တာစုကျေးရွာ ဒိုက်ပျက်ကျေးလက်တောရွာများတွင် ၁၆ ဌာန။

(၃၄) ပြည်ခရိုင် ပြည်မြို့ ပေါင်းတည်မြို့ သဒ္ဓမ္မဝေပုလ္လ အသင်း ရွှေတောင်မြို့ ပဒေါင်းမြို့ သဲကုန်း ဥဒိန်နှင့် ကျေးလက်တောရွာများ ၉ ဌာန။

(၃၅) သာယာဝတီခရိုင် သာယာဝတီမြို့၊ ဇီးကုန်း၊ ဂုံမင်း၊ မြောက်ကျေးနှင့် ရွာမ ရေကင်းမြို့ အုပ်ဖိုမြို့၊ ဗုဒ္ဓသာသန နုဂ္ဂဟ အဖွဲ့နှင့် အဘိဓမ္မာစာမေးပွဲကြီးကြပ်ရေးအဖွဲ့၊ သုံးဆယ်မြို့၊ အိုးသည်ကုန်း လေးတဲကျေးရွာ၊ မြောက်လှင်ကျေးရွာ၊ မိုးညိုမြို့များတွင် ၂၆ ဌာန။

(၃၆) အင်းစိန်ခရိုင် အင်းစိန်မြို့၊ ရွာမအင်ဂျင်နီယာ သိပ္ပံဗုဒ္ဓဘာသာအသင်း၊ ကမာရွတ်၊ တိုက်ကြီး၊ လှည်းကူးမြို့၊ ထောက်ကြန့်၊ ထန်းတပင်၊ သိမ်ကျောင်း ကျေးရွာများတွင် ဂ ဌာန။

(၃၇) ပဲခူးခရိုင် ပဲခူးမြို့ခရိုင်ဝန် ဦးစီးသော ဗုဒ္ဓဘာသာအဖွဲ့များနှင့် ဇေယမင်္ဂလာ ပရိတ်တော်အဖွဲ့ သာသနရိပ်သာ စောင့်ရှောက်ရေးအဖွဲ့၊ ယောဂီဟောင်းအဖွဲ့၊ တရားဌာန ဗုဒ္ဓ ဝေယျာဝစ္စ အသင်း၊ခရိုင်ဝန်ရုံးအမှုထမ်းများဝတ်အသင်း၊ သွန်းတော်မူဘုရား ဘဏ္ဍာတော်အဖွဲ့၊သုဇာတာအမျိုးသမီးအဖွဲ့၊ ရွာသစ်ကျေးရွာ၊ ပဋိပတ္တိသာသနာပြုအဖွဲ့၊ ကလျာဏမိတ္တ သဟပုညကာရီအဖွဲ့၊ ကျောက်တန်းရွာ၊ မှော်ကန်ရပ် အဘိဓမ္မာပြန့်ပွားရေးအသင်း၊ အင်းတကော် မဟာဗောဓိကျောင်း၊ ကဝမြို့မနှင့်မြို့နယ်၊ မင်းရွာ တာဝ၊ ဝေါမြို့နှင့် မြို့နယ်ရှိ သီရိမင်္ဂလာပရိတ်တော်အဖွဲ့နှင့် ဘိုးစပါယ်ရွာ၊ ကမ်းကြီးဆိပ်ရွာနှင့် ကထုံးရွာများ၊ ဒိုက်ဦးမြို့နှင့် မြို့နယ်ရှိသဲတောကျေးရွာများမှ ၃၀ ဌာန။

(၃၈) သထုံခရိုင်–သထုံမြို့ ဗုဒ္ဓသာသနာ အသင်းပေါင်းစုံအဖွဲ့ မြသပိတ်တောင်ခြေ ကျုံးကြီးလမ်း ပေါင်မြို့၊ ဘီးလင်းမြို့၊ ကျိုက်ထိုမြို့၊ တောင်စွန်း၊ နှင်းပလဲ၊ ဇုတ်သုတ် ကျေးရွာများ တွင် ၉ ဌာန။

(၃၉) ဟံသာဝတီခရိုင် သံလျှင်မြို့– ဗိုလ်ချုပ်ရွာ –တွံတေးမြို့ ကွမ်းခြံကုန်းမြို့နှင့်ကဝက်ကျေးရွာ တော်ခရမ်းရွာ ဆိပ်ကြီးရွာနှင့် အခြားတောရွာများတွင် ၇ ဌာန။

(၄၀) ကျိုက္ခမီခရိုင် မော်လမြိုင်မြို့မှ ကျိုက်သံလန်ဘုရားရင်ပြင်တော်– မဟာမြတ်မုနိဘုရား မော်ကွန်း ဓမ္မာရုံ-သီရိမင်္ဂလာပရိတ်တော်အဖွဲ့၊ဘောလဲရပ်– သဘော်လဲကျောင်း– မရမ်းကုန်း–ကျိုက်သုတ်ဘုရား ဓမ္မာရုံ– ဦးဇိနဘုရား ဝေဿန္တရာတန်ဆောင်း- မုပွန်ရပ်-ကျိုက်ဓာတ်သုတ်ဘုရား အာရုံခံတန်ဆောင်း- မုဒုံမြို့ မင်းတန်းရပ် ဂန္ဓကုဋိတိုက်- ကျိုက္ခမီမြို့နယ်– ရေးမြို့နယ်- ကျိုက်မရော်မြို့နယ် ချောင်းဆုံမြို့နယ် ရှိကျေးလက်တောရွာများ ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များ၊ ကတိုးမြို့ ရတနတ္တယ ဝေယျာဝစ္စအသင်းတို့၌ ၃၆ ဌာန။

(၄၁) ထားဝယ်ခရိုင် ထားဝယ်မြို့ လောင်းလုံး– သရက်ချောင်း- ရေဖြူမြို့နယ်- မောင်းမကန် ပန်တင့်အင်းရွာများတွင် ၇ ဌာန။

(၄၂) မြိတ်ခရိုင် မြိတ်မြို့နှင့် မြို့အရှေ့ပိုင်း– ပုလောမြို့နှင့် တနင်္သာရီ ကျေးလက် တောရွာများတွင် ၅ ဌာန။

(၄၃) ကမ္ဘောဒီးယားပြည် ပိုင်လင်းမြို့ ဘတ္တဘောင်ဖဟိကျောင်းတွင် ဆရာတော် ဦးတေဇဓမ္မ ကြီးမှူးကျင်းပခြင်း။

(၄၄) ရန်ကုန်မြို့ အနီးတဝိုက် ဒလမြို့- နယ်နိမိတ်အတွင်းရှိ ဌာနများမှ ဒလ- သာကေတ ဥက္ကလာပ- မြောက်- တောင်- အလုံ- ပုသိမ်ညွန့်-ဂျီးစက်ကွက်သစ်– မလွကုန်း–မအူကုန်း အရပ်များတို့တွင် ၁၁ ဌာနအားဖြင့် အဘိဓမ္မာ အခါတော်နေ့ ပူဇော်ပွဲများကို ရန်ကုန်မြို့ မြို့တော်ခမ်းမကြီးတွင် ကျင်းပသည်သာမက မြို့ရွာကြီးငယ် အသီးသီးတို့တွင် ဌာနပေါင်း ၄၁၃ ဌာန၌ ကျင်းပပြုလုပ်ခဲ့ပါကြောင်းသိရှိရပါသည်။ အချို့သောခရိုင်မြို့နယ်များ၌ အဘိဓမ္မာ အခါတော်နေ့များ ကျင်းပပြုလုပ်ခဲ့သော်လည်း ပြန်ကြားစာများမပေးပို့၍မသိရှိရပါကြောင်း။

၄၄၂၃

# ၁၃၂၅-ခု၊ (၁၅) ကြိမ်မြောက်
# သီတင်းကျွတ်လပြည့်
# အဘိဓမ္မာအခါတော်နေ့
# အစီအစဉ်

က။ ။အခါတော်အကြောင်းလျှောက်တင်သံ။

၁။ အဘိဓမ္မာအခါတော်နေ့ အခမ်းအနား ဖွင့်လှစ်ရန်။

၂။ အခမ်းအနားဖွင့်စဉ် မျှော်,ချင့်,ပဏာ ကန်တော့လွှာဖြင့် ကန်တော့ရန်။

၃။ နတ်ပြဟ္မာများကို ပင့်ဘိတ်ရန်။

၄။ သီလခံယူရန်။

၅။ အဘိဓမ္မာ အခါတော်နေ့ သတ်မှတ်ခြင်းအကြောင်း မြွက်ကြားရန်။

၆။ အဘိဓမ္မာအခါတော် အမေး,အဖြေ, ကျူးရင့်သံများနှင့် အဘိဓမ္မာ ပါဠိတော်များ ရွတ်ဆို ပူဇော်ရန်။

၇။ နတ်ပို့ဆုတောင်း အမျှဝေ။

## ရန်ကုန် မြို့တော်ခန်းမတွင် ပူဇော်ကျင်းပသော
## ၁၃၂၄-ခု၊ (၁၄)ကြိမ်မြောက်
# အဘိဓမ္မာ အခါတော်နေ့ အခမ်းအနား



မြို့တော်ခန်းမ စင်မြင့်ပေါ်ရှိ အခမ်းအနားနှင့် ပရိသတ်အချို့



အခါတော်နေ့ ပူဇော်ပွဲအတွက် ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များ

## အဘိဓမ္မာအခါတော်အကြောင်း

# လျှောက်တင်သံ

၁။ ဘုန်းတော်တောက်ပွား၊ ခြောက်ပါးရောင်စုံ၊
ရွှေညာဏ်တော်စွမ်း၊ အံ့ခန်းဖုံဖုံ၊
တန်ခိုးတော်ကြီး၊ ရေမီးစုံစုံ၊
ပြလေငြား၊ မြတ်ဖျား စိန္တေဂုဏ်။

၂။ သာဝတ္ထိတိုင်း၊ သမိုင်းပြည်သာ၊
ဥယျာဉ်တော်တွင်း၊ မြိုင်မင်းရိပ်ဝါ၊
သရက်ဖြူရင်း၊ ထင်လင်းသေချာ၊
မိစ္ဆာမျိုး၊ ညွတ်လျိုး လာစိမ့်ငှာ။

၃။ ကောင်းကင်ထက်နန်း၊ စက်ပန်းတန့်လျို၊
အောင်ဘိသေပန်း၊ ထက်ဝန်းဖြန့်ပုံ၊
ဖိတ်ဖိတ်လက်လက်၊ ကွန့်ထွက်လျံဂုဏ်၊
မိုးနယ်သုံး၊ အုပ်ဖုံးရောင်ခြည်စုံ။

၄။ ဥက္ကလျံလူး၊ ပျံကူးယှက်ခြုံ၊
လျှပ်နွယ်သွယ်ညီး၊ ကြယ်မီးသို့ပုံ၊
ရေမြေ့နရက်၊ ဘဝဂ်ဘုံကုန်၊
မိစ္ဆာမျိုး၊ ဖျက်ချိုး ပြာဠိစုံ။

**အဘိဓမ္မာ—** ဒေသနာ၏ နိုးစွာကြောင်းထွေ သန္တိကေတည့် သရေလျှံညီ သာဝတ္ထိဟု ပြည်ကြီးတန်ဆာ ဥယျာဉ်သာဝယ် ခက်ဖြာပင်စည် ရင်းဖျားလည်သား ရှုကြည်နှဲလူ သရက်ဖြူတည့် ပင်မူအရင်း မိစ္ဆာသင်းကို မယှဉ်းပယ်အင် ရွှေဘုန်းထင်တည့် မျှားဖြင့်ဗိုလ်ထု ကျွတ်တန်းလု လျှက် ပယ်ပြုမိစ္ဆာ သီးသီးကွာဖြင့် ခေမာမြိုက်ပန်း ပန်ဆင်မြန်း၍ အံ့ခန်းပြင်ပြင် ပွဲကြီးယင်သည်... ... **ရောင်ရှင်အချက် ပိုင်ပေသတည်း။**

၁။ မိစ္ဆာသတင်း၊ ပယ်ရှင်းစေငှာ၊
တန်ခိုးတော်သီး၊ ရေ့မီးဖြာဖြာ၊
ရှင်တော်ရွှေဘုန်း၊ ပြဆုံးလေရော၊
ထက်ကြငှန်း၊ စက်ပန်း ချီတဲ့ခါ။

၂။ ခုနစ်ဝါမြောက်၊ ဘုန်းတောက်လျှံဝေ၊
ကရုဏာပွား၊ မြတ်ဖျားစိန္တေ၊
သတ္တဝါများ၊ သနားငဲ့ပေ၊
ဝတိံနန်း၊ ကြွမြန်း လာတဲ့ချေ။

၃။ မြင့်မိုရ်မြင့်နန်း၊ တင့်ဆန်းပြည်သာ၊
မြရိပ်ဝါဝင်း၊ သာခင်းတည်စွာ၊
ကသစ်ပင်ရင်း၊ စီခင်းနေရာ၊
ကျောက်ဖျာထက်၊ စံလျက် တည်သောခါ။
၄။ မယ်တော်နတ်မူး၊ မြတ်ဦးထင်စွာ၊
နတ်ပြဟ္မာပေါင်း၊ ခ,ညောင်းယူနာ၊
သုံးလဝါတွင်း၊ ရှင်ရင်းမိန့်ရာ၊
မြတ်ဓမ္မ၊ သတ္တ ဘိဓမ္မာ။

**အဘိဓမ္မာ** – ဒေသနာကို ခုနစ်ဝါမြောက် ရွှေဘုန်းတောက်ဝယ် ကွန်းထောက်လှည့်လည် ထက်နတ်ပြည်၌ ဂုဏ်ရည်ထူးစွာ မိ,မာယာတည့် ရှေးခါဖြစ်ဘူး နတ်အထူးကို မြတ်မူးပြုကာ နတ်ပြဟ္မာ အား သတ္တာ,ဘိဓမ္မ တရားလုကို ဟောပြယခင် ကျေးဇူးထင်တည့် လေးသင်္ချေနှင့် တသိန်းခြင့်လျှင် ရှည်မြင့်ကပ္ပါ ဆည်းပူးပါမ ရစ္စာဉာဏ်ထောက် ချိန်တန်ပေါက်၍ ချီးမြှောက်နှဲဆင် ဟောမိန့်ကျင် သည်........**နောင်တွင်အဆက်ခိုင်စေသတည်း။**

၁။ နောင်တွင်မပျက်၊ အဆက်တည်ရာ၊
နိမ့်မိတပ္ပား၊ ဘုရားကြွလာ၊
လကျ်ာရံဘိ၊ သာရိပုတ္တာ၊
တဆင့်ဟော၊ မြင့်မော ဘိဓမ္မာ။
၂။ လူ့ပြည်လူသား၊ နာကြားစေရာ၊
ရှင်တော်ညွှန်းပြ၊ ခွန်းဟမြွက်သာ၊
ပညာခေါင်ထိ၊ သာရိပုတ္တာ၊
လယ်အလတ်၊ မိန့်အပ် ဘိဓမ္မာ။
၃။ လင်းနို့ဖြစ်ဘူး၊ သစ်ထူးဂုဏ်ရည်၊
ငါးရာရဟန်း၊ နာခန်းကြုံပြီ၊
ကျူးရင့်သံလွှတ်၊ ဝါကျွတ်အမှီ၊
ပြီးအဆုံး၊ နိဂုံး ပြိုင်ခဲ့သည်။
၄။ သို့လျှင်နေ့ထူး၊ ကြုံဘူးလေရာ၊
ဘိဓမ္မာနေ့၊ မှတ်လေ့အခါ၊
ညီညာပေါင်းစု၊ ကောင်းမှုကြည်သာ၊
သံပြိုင်လွှတ်၊ ဆိုရွတ် ဘိဓမ္မာ။

**အဘိဓမ္မာ** – ဒေသနာသည် ရောင်ဝါထွန်းလျက် စဉ်အဆက်ဖြင့် မပျက်ဆင့်ပွား နှံ့စေသားဟု စိတ်ထားဇောမြတ် သောမနဿဖြင့် ဟော,မှတ်,နာယူ စာပွဲမူတည့် စိတ်တူပွားစီး သင်းတော်ကြီးမှ ခိုင်ဖြိုးလုံးလ ဥဿာဟဖြင့် ဓမ္မသဘင် ဝှဲချီးယင်တည့် မြတ်ရှင်ဇိနော် စိန္တေယျော်ကို ပူဇော်ယုံ့ယုံ့ တုပ်ဝပ်ကျုံ့လျက် ပြန်တုံ့ကျေးဇူး ကော်ရော်မြူး၏ အထူးလျှောက်တင် ဆုပန်ဆင်သည်........**အောင် ခွင်ဘဝင်တိုင်စေသတည်း။**

## အခန်းအနားဖွင့်စဉ်

# မျှော်,ချင့်,ပဏာ ကန်တော့လွှာ

## တိဒသမှိ ယထာ ဌာယီ၊ ဆဗ္ဗဏ္ဏောဟိ သုမင်္ဂလီ၊
## ဇုဒ်မဒ္ဒေ တထာကန္တိ၊ သံသုဒ္ဓ ဗုဒ္ဓ ကေသရီ။

သံသုဒ္ဓ ဗုဒ္ဓကေသရီ=လွန်စွာရစ်ထွေး အပြစ်လေးလှသော အညစ်အကြေးဟူသမျှတို့ကို မြူကမျှ မကျန်ကြွင်းရအောင် သန့်ရှင်းသုတ်သင်တော်မူနိုင်သဖြင့် ပိုင်ပိုင်ယူကျုံး အဖြူဆုံး တုမနှုန်းကဲလွန် ဟောမဝန် ရဂုံမို့၌ စုံမချို မာန်အဟုန်တို့ဖြင့် ရန်သူပုန်ဝင်ဇွေ မညှင်းနိုင်သည့် ခြင်္သေ့မင်း ကေသရီနှင့် သွေတညီ ပမာထားရသည့် ဘုရားကိုယ်တော်မြတ်သည်။ ဆဗ္ဗဏ္ဏောဟိ=ညိုတတန့် ဝါတလီ ဖြူအနီ ညှိုးမပျက်ဘဲ ပြိုးပြိုးပြက် မှိုင်းမှုန်မှုန်ဟု ဝိုင်းအုံလှည့်လည် မြူးကွန့်စည်သော ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့်။ သုမင်္ဂလီ=ရောင်ငုညီးညိုး ရွှေတောင်ကြီးကို ရွှေဆည်းဈာရောင် ပြောင်ပြောင်ဝန်း သွယ် လျှပ်ပန်းစုံခြယ်သကဲ့သို့ တင့်တယ်တော်မူလှသော ရူပကာယကို ပသာဒစက္ခုဖြင့် ကြည့်ရှုရန် မဝံ့အောင် တလွန့်လွန့် တရှိန်ရှိန် တထိန်ထိန်တလက်လက်ဖြင့် ပေါင်းယှက်သန့်စင် ကောင်းစွာတန်ဆာ ဆင်တော်မူလျက်။တိဒသမှိ=သိကြားမင်းစံရာ ဝတိံသာအတွင်း ပင်လယ်ကသစ်ပင်ရင်းဝယ် ခင်းထား သည့်နေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာထက်၌။ ဌာယီယထာ=နတ်ပြဟ္မာတို့၏ ကြက်သရေကို ပျက်ကြေအောင်နှိမ်နင်းသို့ ထွန်းလင်းသော အသရေဖြင့် ဇလ္ဂခြေခိုင်ကြည်လျက် တည်နေတော်မူသည့် အလားသို့။ ဇုဒ်-ဗုဒ္ဓဗိမ္ဗ=သိကြားစံရာ ဝေဇယန်သို့ ပုံဟန်စံသွင်း စီမံကျင်းသည့် ဤ(မဏ္ဍပ်)ဓမ္မသဘင် ခန်းမကြီးအတွင်း၌ တဝင်းဝင်းတလက်လက် ရောင်မျိုးစုံရောယှက်သဖြင့် နှစ်သက်ဘွယ်ဆို ကြည်ညို ဘွယ်ထင်ရှား ဘုရားမြတ်ကိုယ်တော်စား ဤရုပ်ရှင်တော်မြတ်ဘုရားကို။ ကန္တိ=ရှင်မောရှင်ပျ ကုသိုလ် ဟုန်ဇောကြွသဖြင့် သောမနဿပီတိ စိရရီရှိြငြား ဘုရားတပည့်အမျှားသည်။ တထာ=ထိုရောင်ခြောက် သွယ်ဝန်းလှည့်လျက် ရှန်းအိအိသိရ်သမ္ဘာနှင့် ဝတိံမှာ ဘိခမ္မာဟောပါသည့်မြတ်ရှင်စောပမာသွင်လို။ မဒ္ဒေ=ဟိုအခါထင်ရှား ရှိခဲ့သည့် အရှင်ဘုရား၏ သဏ္ဍာန်တော်ဟု အမှန်မျှော်ခါ အစဉ်တွေးတွေးပြီး ထင်တရေးရေး ရှိရပါဘော့သည်ဘုရား။

## မြို့ရွာခရိုင်များ၌ ကျင်းပသော
# ၁၃၂၄-ခုနှစ်၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲအချို့



မအူပင်မြို့၊ ခရိုင်ဝန် ဦးသန်းအောင် ကြီးမှူးသော
အခါတော်နေ့



ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊
ပန်းတောရွာ အခါတော်နေ့



ကမ္ဘောဒီးယားပြည်၊ ပိုင်လင်းမြို့ ဘဏ္ဍတောင် ဖဟိကျောင်း
ဆရာတော် ဦးတေဇဓမ္မကြီးမှူးသောအခါတော်နေ့



မလှိုင်မြို့၊ ပဋိပတ္တိ သာသနနုဂ္ဂဟအသင်း



ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်း၊ မြေစကြာအဖွဲ့

# သမာဒေဝနတ်ဗြဟ္မာများကို ပင့်ဖိတ်ခြင်း

**သုဒုလ္လဘတရော ဒါနိ၊ ဝိမ္ဟယော ဘော သမုဗ္ဘဝိ၊**
**အဘိဓမ္မဒိနော ဘာတိ၊ သာဝုမနော နုရဥ္စနိ။**

ဘော=အဘိဓမ္မာ အခါတော်နေ့ ကြိုက်ကြုံတွေ့က ချမ်းမြေ့နှလုံး ကြည်ရွှင်ပြုံးဖြင့် စုရုံးရောက်မည် စိတ်စောရည်လျှက် ကြားသည်ဖိတ်မန် ပန်လျှောက်သံကို နာခံမြော်ညောင်း အိုနတ်ဗြဟ္မာ အပေါင်းတို့။ ဒါနိ-ဣဒါနိ=တဆယ့်ငါးကြိမ် ပက္ခဒိန်ဖြင့် အချိန်ရောက်လာ ခုအခါ၌။ သုဒုလ္လဘ တရော=အလွန်တရာ ကြုံရခဲစွာသော,ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘောနှင့် ကြုံသောကာလ သာသနာ့ အချိန်အခါကို ကြိမ်လာတွေ့မှ ရခဲရ၍ အလွန်တရာရခဲလှသော။ ဝိမှယော=ခက်ခဲသဘော နက်နဲသောနှင့် ဟုတ်သောမှန်သော ရှင်ပင်ဟောမှ သိသောအရာ လွန်စွာသိမ်မွေ့ ပကတေ့သဘော စပ်ယှဉ်နှော၍ အံ့ဩဘွယ်လည်း ကောင်းပေထသော။ ဝိမှယော=ကမ္ဘာတိုင်းလဲမကြုံ အခါတိုင်းလဲမဆုံ သတ္တဝါတိုင်းလဲမထုံမို့ လုံးစုံပြန့်ပြော အံ့ဩဘွယ်လည်း ကောင်းပေထသော။ အဘိဓမ္မဒိနော=သဘာဝ ကျုံးခြုံ အလုံးစုံကို ဖုံဖုံခွဲထား ပိုင်းဖြတ်ခြားဖြင့် ဘုရားဇိနော် ဟောမိန့်ဖေါ်သည့် ဒေသနာတော် ဥက္ကဋ္ဌ အဘိဓမ္မာတရားမြတ်ကို ဟောအပ်ခဲ့ရာ ချိန်အခါနှင့် တူစွာတူပြီး **အဘိဓမ္မာ အခါတော်နေ့ကြီး** သည်။ သမုဗ္ဘဝိ=တကြိမ်စေ့ရောက် တကြိမ်မြောက်ဖြင့် ပေါ်ပေါက်ဖြစ်ထွန်းခဲ့ပါပြီ။ သာဝုမနော နုရဥ္စနိ=သူတော်စင့်စိတ်နှလုံးကို ယူကျုံးနှစ်ခြိုက် တိုက်ရိုက်ဖြစ်စေနိုင်လေ့ရှိသော။ အဘိမ္မေဒိနော= အဘိဓမ္မာဒေသနာကို သေချာပြီးအပ် နိဂုံးသတ်သည့် အမြတ်ထင်ရှားအဘိဓမ္မာ အခါတော်နေ့ကြီး သည်ကား။ ဘာတိ=လူ့ပြည်လောက လူ့ဌာန၌ ဓမ္မနက်ခေါင် တရားရောင်ဖြင့် ပြောင်ပြောင် ဝင်းဝင်း ထွန်းလင်းတောက်ပ၍ နေပါသည်တကား။

**သဒ္ဓမ္မာစာရ ဒေဝါနံ၊ နိမန္တေမ သ ဂါရဝါ၊**
**မောဒမာနာ အာဂစ္ဆန္တု၊ သုဏန္တု ဓမ္မမုတ္တမံ။**

သဒ္ဓမ္မာစာရ ဒေဝါနံ = သူတော်စင်များ ကျင့်ကြံပွားသည့် တရားနက်ခေါင် မြိုက်လက်ဆောင်ကို အန်ထောင်နိစ္စ ကြိုးကုတ်ကြသည့် ဒေဝဒေဝါ နတ်ဗြဟ္မာတို့အား။ သဂါရဝါ=သူတော်ချင်းချင်း သတင်းလေ့လေ့ ပေါင်းသင်းလေ့ဖြင့် မမေ့အပ်သူ မိတ်စစ်ဟူ၍ ကြည်ဖြူစိတ်ရင်း ရိုသေခြင်းရှိကြကုန်လျက်။နိမန္တေမ=ဘောဇဉ်မြိုက်ခဲ ဓမ္မပွဲကို လက်တွဲရွှင်ပြုံး တူနှလုံးဖြင့် သုံးဆောင်လိုပါ စိတ်စောစွာ၍ မှာတော်စာသား ဂါထာပါးလျက် ဖိတ်ကြားနိမန် ကြပါကုန်၏။ မောဒမာနာ= ဓမ္မမိတ်ဆွေ တို့တတွေကို ဖိတ်ပေကုန်၏ ဂွမ်းဆီထိသို့ ပီတိရွှန်းစို နှစ်လိုဝမ်းမြောက်ကြကုန်သည် ဖြစ်၍။ အာဂစ္ဆန္တု=ဓမ္မစည်ကြီး သောင်းထိုက်ဟီးအောင် ရိုက်တီးနေကြ ဤဒေသသို့ တေဇတက်ဖြိုး စက်တန်ခိုးဖြင့် ထက်မိုးဝဋ္ဌာ သောင်းစကြာမှ ဆောစွာခဏ လာရောက်တော်မူကြစေကုန်သတည်း။ ဥတ္တမံ=သုတ္တန်နှင့် ဝိနယတို့ထက် အဓိကကဲချွန် သာလွန်မြင့်မြတ်ပေထသော။ ဓမ္မံ=ဓမ္မသင်္ဂဏီမှစ ပဋ္ဌာန်းကျအောင် ဂမ္ဘီရ ဂမ္ဘီရာ အဘိဓမ္မာ တရားရတနာကို။ သုဏန္တု=သမ္ပဇဉ်သတိ ကိုယ်စီရှိ၍ သမာဓိဂုဏ် စွဲမြဲထုံလျက် အာရုံတပါး စိတ်မသွားပဲ ထောင်နားစိုက်တော်မူကြပါစေကုန်သတည်း။

အဘိဓမ္မာ ပြန့်ပွားရေးအသင်း၏ ဩဝါဒါစရိယ

ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ တိပိဋကဓရ

ဓမ္မဘဏ္ဍာဂါရိက

အရှင်ဝိစိတ္တ သာရာဘိဝံသ

စီရင်ရေးသားသည့်

# အဘိဓမ္မာ အမေး အဖြေနှင့် ကျူးရင့်သံများ

••••••••

## အဘိဓမ္မာဟောရပ်

**၁။ အဘိဓမ္မေ ဘိဓမ္မေတိ၊ ယဿော ဟိ ယဿဥဂ္ဂတော၊**
**ဒေသော ကေန ကဒါကတ္ထ၊ ဒေသိတော ဓမ္မမုတ္တမော။**

ဟိ=မင်္ဂလာထုတိ တခဏ်းပြီး၍ အဘိဓမ္မာ ဒေသနာကို ဟောရာဒေသ ဒေသကနှင့် ကာလ ဟောပုံ ကျမ်းတိုင်းစုံအောင် သင့်ရုံသံခိပ် အကျဉ်းစိတ်မျှ ခြည်ရိပ်သိစေ မေး၍ဖြေအံ့။ယဿ=အကြင် အဘိဓမ္မာ ဒေသနာဉက္ကာ၌ တရားတော်မြတ်၏။ အဘိဓမ္မေ ဘိဓမ္မေတိ= အဘိဓမ္မာ ဘိဓမ္မာ ဟု သူငါဦးညိတ် နှုတ်မဆိတ်အောင်။ ယဿော=ကောင်းတင်းခြိမ့်ညံ ကျော်ဇောသံသည်။ ဥဂ္ဂတော= ဇာတိခေတ်ပေါင်း တိုက်တသောင်းဝယ် ရိုက်ညောင်းတုန်လျက် ဘုံဘဝဂ်တိုင် ပြန့်တက် ထင်ရှား ကျော်ကြားလှပါပေ၏။ ဒေသော ဓမ္မ မုတ္တမော=ထိုအဘိဓမ္မာ ဒေသနာဉက္ကာ၌ တရားတော်မြတ်ကို။ ကေန=ဒေသကခေါ် ဆို အဘယ်ပုဂ္ဂိုလ်သည်။ ကဒါ=အဘယ်သက္ကရာဇ် ဘယ်နှစ်ဝေါဟာ ဘယ် အခါ၌။ ကတ္ထ=ဗြဟ္မာလူနတ် ဘယ်အရပ်၌။ ဒေသိတော=ဟောကြား အပ်ပါသနည်း။ ဝါ- ဒေသိတော= ဝိစိကိစ္ဆာ ကင်္ခါမေးထူ ကေစိလူတို့ မှတ်ယူစေလစ် ဖြေခွန်းလှစ်ပ ဘယ်နှစ်ကာလ ဘယ်ဒေသဝယ် ဒေသကခေါ်ဆို ဘယ်ပုဂ္ဂိုလ်သည် အဘယ်ကိုရစေသားဟူ၍ အဘိဓမ္မာ မြိုက်ရေ တရားကို ဘယ်သူအား ဟောကြားခဲ့ပါသနည်း။

## ၂။ အဘိသမ္ဗောဓိတော သတ္တ၊ ဝဿမှိ ဓမ္မသာမိနာ။ ဒေသိတော ဒေဝလောကမှိ၊ ဒေဝါနံ ဘဝမုတ္တိယာ။

ဓမ္မသာမိနာ=ဓမ္မသာမိ မာရဇိပ်ဟု သာကိုဥသျှောင် ငါးမာရ်အောင်သည်။ အဘိသမ္ဗော ဓိတော= မဟာဗောဓိ အပရာဇိဝယ် ဇာတိခေတ် သောင်းစက္ကဝါကို စောင်းသွက်ခါပဲ့တင်ညိတ်စေ၍ ဘုံသုံးဆိုင်ခရိုင်ထိပ်ဝယ် ဓမ္မဿရထွတ်ဖျား ဘုရားဖြစ်တော်မူသည်မှ။ သတ္တဝဿမှိ=ခုနှစ်ဝါ မြောက် ကောဇာထောက်သော် ဘုန်းတောက်အဥ္စန ရာဇညလျှင် မာဃစန္ဒေ ကိန်းဖြင့်ချေသား တွက်ရေသက္ကရာဇ် ရာ့ဆယ်နှစ်၌။ ဒေဝလောကမှိ=တာဝတိံသာ နန်းသိင်္ဂါဝယ် ဂူနွဲ့ဘာနှု မွမ္မ ပလ္လင် ကသစ်ပင်အောက် ဘုန်းရှိန်ဆောက်သား မြကျောက်နုလွှာ ပဏ္ဍုကမ္ဗလာ၌။ ဒေဝါနံ=စက္က ဝါပေါင်း တိုက်တသောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာတို့အား။ ဘဝမုတ္တိယာ=ဘဝသုံးခင်း နှောင်အိမ်တွင်းမှ ကျော်နင်းလွတ်မြောက်ပါစေခြင်းအကျိုးငှာ။ ဒေသိတော=ဟောကြားတော်မူ အပ်ခဲ့လေပြီ။ ဝါ-ဒေသိတော=မဟာသက္ကရာဇ် ရာ့ဆယ်နှစ်ဝယ် ရှင်ချစ်မုနိန် မာရဇိန်သည် ဝတိံ စံခင်း ကသစ်ရင်း၌ အလင်းဘိဓမ္မာ မြိုက်ရသာကို သောင်းရပ်ရွာ နတ်ဗြဟ္မာ အလုံးတို့အား ဝဋ္ဋ ထုံးနှောင် လွှတ်ခအောင်ရုံးစေဟု တဝါလုံး ဟောကြားတော် မူအပ်ခဲ့လေပြီ။

## ၃။ တေ စည ခညာ ဝတ ဒေဝ ဒေဝါ၊ တေနုန ဓမ္မာမတ ပီတပီနာ၊ ယေ သမ္ပုခါယေဝ လဘန္တိ ဒဋ္ဌုံ၊ ဗုဒ္ဓဥ္စ ဓမ္မဥ္စ အဝေစ္စ သောတုံ၊

ယေ=အကြင်စက္ကဝါပေါင်း တိုက်တသောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာတို့သည်။ သမ္ပုခါယေဝ=မျက်မှောက်ထင်ရှား အမြင်အားဖြင့်သာလျှင်။ ဗုဒ္ဓံ=ဒဿနာနုတ္တရိယ ဗာတ္တိံသ လက္ခဏာ သီတာနုဗျည်း ရှုမညီးတို့ဖြင့် နုလည်းနုပျို ရွှန်းဝေစိုသည့် ရွှေကိုယ်ခတ်သား မြတ်စွာ ဘုရားကို။ ဒဋ္ဌုဥ္စ=သဒ္ဓါရွှင်ပျော် ဖူးမြော်ကြခြင်းငှာရင်း။ ဓမ္မံ=သဝနာနုတ္တရိယ ကြားအပ်သမျှတို့ ထက်ကဲလွန် အမွန်ခေါင်ထိ မိပတိဟု အဘိဓမ္မာတရားရတနာကို။ အဝေစ္စ=သဒ္ဓါရှေ့တင် ဉာဏ် သက်ဝင်၍။ သောတုံစ=နှေ့ညဥ့် ဆက်ကာ ကြားနာကြခြင်းငှာရင်း။ လဘန္တိ=ခွင့်ကောင်း ကြိုက် ကြုံ ရရှိကုန်၏။ တေ ဒေဝ ဒေဝါ= ထိုစက္ကဝါပေါင်း တိုက်တသောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာတို့သည်။ ခည ခညာဝတ= ဘုန်းရည်ထူးချွန် ကံရည်လွန်သည့် အမွန် ဥက္ကဋ္ဌ နတ်မြတ် နတ်မူး ဗြဟ္မာထူး ဖြစ်ကြပါပေကုန်စွတကား။ တေ ဒေဝ ဒေဝါ= ထိုစက္ကဝါပေါင်း တိုက်တ သောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာတို့သည်။ဓမ္မာမတ ပီတပီနာနုန=တရားဟူသည့် အမြိုက် ရည်ကို သာကြည်ရွှင်ပြုံး သောက်ယူသုံးသဖြင့် ကိုယ်လုံး ရွှန်းစို နုပျိုကြကုန်လိမ့်တကား။ ဝါ- ဓမ္မာမတ ပီဘာပီနာ နုန=အဘိဓမ္မာ မြိုက်ချသာကို တဝါပတ်လုံး သောက်ယူသုံးရ၍ ရွှင်ပြုံးနှစ်လို ချမ်းကြည်မျို့သဖြင့် ကူးတို့ဖေါင် မဂ်ယာဉ်စီးပြီးလျှင် ပြည်နိဗ္ဗာန်ခရိုင်ထီးကိုဖြင့် တပိုင်တည်းစိုးစံ ကြကုန်လိမ့်တကား။

## မြို့ရွာခရိုင်များ၌ ကျင်းပသော

# ၁၃၂၄-ခုနှစ်၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲအချို့



ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့ အဘိဓမ္မာပြန့်ပွားရေးအသင်း



ကတိုးမြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းနှင့် မေ့မစကြာအမျိုးသမီးအဖွဲ့

☆  ☆

ကမ္ဘောဒီးယားပြည်၊ ပိုင်လင်းမြို့၊ ဘဏ္ဍတောင် ဖဟိကျောင်းဆရာတော် ဦးတေဇမေ့ကြီးမှူးသော အခါတော်နေ့အဖွဲ့ဝင်များ



လားရှိုးခရိုင်၊ မူဆယ်ရွာ၊ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့



ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ချောင်းဝရွာ အဘိဓမ္မာ အမျိုးသမီးအဖွဲ့

# ဈာပွတ်တခဏ်း

## ၁။ ကေနာယံ ဘိဓမ္မော သမ္မ၊ ယေန လောကော ပဘာသတိ၊ ပုစ္ဆော တုံ့ သမ္မ အက္ခာဟိ၊ ပကရဏာ တွိခ ကိတ္တကာ။

သမ္မ=ဝိစိကိစ္ဆာ ကခ်ါညစ်ကြေးစင်အောင်ဆေးသား ကျေးဇူးများပေချစ်မိတ်ဆွေ။ယေန=အကြင် အဘိဓမ္မာ ဒေသနာနက်ခေါင် တရားတည်းဟူသော အလင်းရောင်ဖြင့်။ လောကော=သတ္တလောကကြီးသည်။ ပဘာသတိ=ဤကားရပ်နာမ် ဤနိဗ္ဗာန်တည့် ဤဟန်ပြုသင့် မပြုသင့်ဟု နှိုင်းချင့်မြှော်ထောက် အလင်းရောက်အောင် ထွင်းဖေါက်ထင်ထင် သိမြင်နိုင်ပါပေ၏။ အယံ=ဤ လူ နတ် ဗြဟ္မာ သတ္တဝါကို ကခ်ါလျှော်ဆေး နည်းမှန်ပေးသည့် ကျေးဇူးများမြောင် တရားတန်ဆောင်ကြီးသည်။ ကေန=အဘယ်ဈာပွတ် ဘယ်ကြောင်းရပ်ကြောင့်။ အဘိဓမ္မော=အဘိဓမ္မာ ဒေသနာဟု မင်္ဂလာထုတိ အမည်ထူးရှိပါပေသနည်း။ ဣခ=ဤအဘိဓမ္မာတွင်ခေါ် ပိဋကတ်တော်ကြီး၌။ ပကရဏာတု=ခဏ်းကြီးခဏ်းငယ် အသွယ်သွယ်ဖြင့် ချယ်လယ်ပိုင်းခြား ကျမ်းအပြား တို့သည်ကား။ ကိတ္တကာ=သချ်ာရေထောက် အဘယ်လောက်ရှိပါကုန်သနည်း။ သမ္မ=အကျိုးလိုလား ကျိုးမဲ့ရှားဟု နှစ်ပါးစုံလင် မေတ္တာခာတ်ရေစင်ကို သွင်သွင်ဖိတ်စီး ချစ်မိတ်ကြီး။ ပုစ္ဆော=အဘိဓမ္မာ ဉာဏ်အရာဝယ် မှန်တာကို သဘောပေါက်လို၍ စောထောက်စစ်ဆေး မေးမြန်းအပ်ပါသော။ တုံ့=မေတ္တာဖိတ်စီး ချစ်မိတ်ကြီးသည်။ အက္ခာဟိ=အမှန်စကား ဖြေကြားတော်မူပါလော့။ ဝါ-အက္ခာဟိ=မြတ်သုတ္တန္တ ဝိနယတို့လို ဓမ္မသာမန် ဆိုသင့်တန်လျက် ဘယ်ဟန်ထူးဘိ ဈာပွတ္တိကြောင့် အဘိဓမ္မာခေါ်ဆိုသည့်ကြောင်းအရာကို လူတကာနားဝယ်ရှင်းလောက်အောင် ကျမ်းဂန်လာ စံတမျဉ်းတို့ဖြင့် ထင်အလင်းဖြေကြားတော်မူပါလော့။

## ၂။ အတိရေက ဝိသေသာဒိ၊ ဓမ္မာ ဣခ ပကာသိတာ၊ တေနယံ ဘိဓမ္မော သမ္မ၊ ပကရဏာ တွိခ သတ္တခာ။

သမ္မ=တဆင့်ပြီးလျက် တဆင့်တက်၍ နံနက်ဝိတ္ထာ အမိပ္ပါကို စိတ်ဖြာ စစ်ဆေး တဆင်သွေးဖြင့် မေး-မေးတတ်ပါပေ ချစ်မိတ်ဆွေ။ ဣခ=ဤအဘိဓမ္မာတွင်ခေါ် ပိဋကတ်တော်ကြီး၌။ အတိရေက ဝိသေသာဒိ ဓမ္မာ=သုတ္တန်နှင့် ဝိနယတို့လို အကျဉ်းမျှမဟုတ်ပါ အစိတ်စိတ် နည်းအမြွာမြွာတို့ဖြင့် ဝိတ္ထာရ ဝိတ္ထာရ ဟောသင့်သမျှ မခြွင်းချန် သုတ္တန်လိုတနည်းဖြာ အဘိဓမ္မာလို တနည်းထုတ် တိက်နှင့်ဒုက် ယှက်သန်း ထူးတဆန်းလျှင် မေးမြန်းဖြေကြား ထိုတရားတို့နှင့်တကွ ဝုဒ္ဓိမန္တ ပူဇိတတည့် သလက္ခဏ ပရိစ္ဆိန် ဂုဏ်သိရ်ကဲလွန် ထူးချွန်သောလောကုတ္တရာ တရားတို့ကို။ ပကာသိတာ=ကောင်းကင်မြစ်ကြီး ယိုစီးသည့်အလား ထင်ရှားစွာ ဟောပြအပ်ကုန်ပြီ။ တေန=ထိုသို့ထူးမြတ် ကြောင်းဈာပွတ်ကြောင့်။ အယံ=ဤအတိရေက ဝိသေသဟု ဓမ္မတို့ ပေါင်းတည်ရာ အဘိဓမ္မာ ပိဋကတ်တော်ကြီးသည်။ အဘိဓမ္မော=အဘိဓမ္မာ ဘိဓမ္မာဟု သူငါအများ နှုတ်ညွှန့်ဖျားဝယ် ထင်ရှားသောအမည်ထူးရှိပါပေ၏။ ဣခ=ဤအဘိဓမ္မာတွင်ခေါ် ပိဋကတ်တော်ကြီး၌။ ပကရဏာတု=ခဏ်းကြီးခဏ်းငယ် အသွယ်သွယ်တို့ဖြင့် ချယ်လှယ်ပိုင်းခြား ကျမ်းအပြားတို့သည်ကား။

သတ္တဓာ= ခမ်,ဝိ,ဓာ,လ,က,ယ, ပဋ္ဌာန်း ခုနစ်ကျမ်း အပြားရှိပါကုန်၏။ ဝါ- သတ္တဓာ=ဓမ္မသင်္ဂဏီ ဝိဘင်း ဓာတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု ယမိုက် ပဋ္ဌာန်း မည်သာဆန်းတို့ဖြင့် နန်းနိဗ္ဗူတာ ကူးတို့ဆိပ် ကဲ့ပမာသို့ ဂမ္ဘီရာနည်းစုံ ပြွမ်းတို့ဖြင့် ဘိဓမ္မာ နက်ကျယ်ဝှမ်းသည် ခုနစ်ကျမ်းအပြား ရှိပါပေသတည်း။

## ၃။ ဓမ္မာတိရေကောစ ဝိသေသဓမ္မော၊ လက္ခံ ပဒါတာ ပဋိသမ္ဘိဒါဒိံ ဧဝံ ပဇာနံ ဝရဓမ္မ မေတံ၊ ကော နာဘိပူဇေ သုပသန္နစိတ္တော။

ဘော=အို အဘိဓမ္မာ အသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့....။ အယံ= ဤအဘိဓမ္မာတွင်ခေါ် တရားတော်မြတ်ကြီးသည်။ ဓမ္မာတိရေကောစ=ဓမ္မသဘော ဟောသင့်သမျှ မခြွင်းချန် ကဲလွန်စွာ ဟောကြားအပ်သောတရားတော်မြတ်လည်း ဖြစ်ပါပေ၏။ ဝိသေသခမ္မောစ= သုတ္တန်နှင့် ဝိနယတို့ထက် ဝိသေသဆန်းပြား တရားလည်းဖြစ်ပါပေ၏။ ပဋိသမ္ဘိဒါဒိံလက္ခံ= ပဋိသမ္ဘိဒါ သညာထင်ရှား ဉာဏ်လေးပါးနှင့်တကွ များပြားဥဿုံ သမ္ပတ္တိကျေးဇူးဂုဏ်ကို။ ပဒါ တာစ=ရွှတ်ဘတ်နာခံ ကျင့်ကြံသူ နတ်နှင့်လူတို့အား ရယူစေရေး အစဉ်ပင် ပေးတတ်ပါ ပေ၏။ ဧဝံ=ဤသို့ကျေးဇူး ဂုဏ်အထူးတို့ ပြန့်ပြူးပြောဟုန် များလှပုံကို။ ပဇာနံ ပဇာနန္တော= ယထာဘူတ နေရာကျ သိမြင်သော။ ကော သုပသန္နစိတ္တော=မစွေကင်းကွာ သဒ္ဓါကိန်း အောင်း စိတ်ကောင်းရှိသူ ဘယ်သတ္တဝါ ဟူဟူသမျှသည်။ နာဘိပူဇေ=သဒ္ဓါကော်ရော် မပူဇော်ဘဲ ရှိပါ အံ့နည်း။ အဘိပူဇယတိဝေ=အဘိဓမ္မာ အခါတော်နေ့ ယခုလို ကျင်းပ၍လျှင် လောက်လွှ စည် ဖြာ ကြည်သဒ္ဓါဖြင့် ပြည်အမတာ ဆုပန်ပျိုးကြ၍ လေးမင်္ဂဖိုလ် ဉာဏ်ရည်ဖြိုးတဲ့အောင် အမြတ် တနိုး ကော်ရော် ပူဇော်အံ့သည်သာတည်း။

# ကျမ်းခုနစ်ဖုံ မေးဖြေခုံ

## 'ခမ်' ၁။ ကထံ သင်္ဂဟိတာ ဓမ္မ၊ သင်္ဂဟေ ဓမ္မ သာမိနာ။ ဓမ္မာ ဇာစ ဝိသေသေန၊ ပရိစ္ဆေဒါတု ကိတ္တကာ။

သမ္မ=ကျမ်းခုနစ်ဖုံ သံခိပ်ငုံ၍ ဟောပုံနက်လေး တဆင်သွေးဖြင့် မေးပါရစေ ချစ်ကြည်ဆွေ။ ဓမ္မသာမိနာ=ဓမ္မသာမိ မာရဇိဟု သာကီဥဿျောင် ငါးမာရ်အောင်သည်။ ဓမ္မသင်္ဂဟေ=ဓမ္မသင်္ဂဏီ အမည်သာဆန်း ပဌမ အဘိဓမ္မာကျမ်း၌။ ဓမ္မာ=ပရမတ္ထ သဘာဝဓမ္မတို့ကို။ ကထံ=ဘယ်ပုံစိတ်ဖြာ ဘယ်ခြင်းရာဖြင့်။ သင်္ဂဟိတာ=အကုဉ်းမှတ်စေ ဟောအပ်ပေကုန်သနည်း။ ဇာစ ဤ ဓမ္မသင်္ဂဏီ အမည်သာဆန်း ပဌမ အဘိဓမ္မာကျမ်း၌။ ဝိသေသေန=အထူးအားဖြင့်။ ပရိစ္ဆေဒါတု=ဤတွင်တရပ် တခဏ်းသတ်ဟု ပိုင်းဖြတ်ဖော်ပြ ပရိစ္ဆေဒတို့သည်ကား။ ကိတ္တကာ=အဘယ်မျှသိ ရှိပါကုန်သနည်း။ ဝါ- ကိတ္တကာ= ( ခမ် ) ဟု ခေါ်မှန်း ပဌမ အဘိဓမ္မာကျမ်းဝယ် အခဏ်းနှင့် ဟောမြွက်ပုံ အလုံး စုံကို မှတ်နိုင်ရုံ သံခိပ်ညွှန်းတဲ့၍ ကြည်သဒ္ဓါ ဝေဝေရှန်းလောက်အောင်........ အဖြေညွှန်း ဖွင့်လှစ် တော်မူပါလော့။

### ၂။ ဓမ္မာသင်္ဂဟိတာ ဓမ္မ၊ သင်္ဂဟေ ကုသလာဒိကာ။ သဘာဂါ တိက ဒုက္ကေဟိ၊ ပရိစ္ဆေဒါ စတုဗ္ဗိဓာ။

သမ္မ = ကျမ်း၏သေတ္တာ အနှစ်စုကိုမှ ဆစ်ဖုသေခွေ မေး–မေးတတ်ပါပေ ချစ်မိတ်ဆွေ....။ ဓမ္မသင်္ဂဟေ=ဓမ္မသင်္ဂဏီ အမည်သာဆန်း ပဌမအဘိဓမ္မာကျမ်း၌။ သဘာဂါ = အနဝဇ္ဇ သာဝဇ္ဇက စသည်ပြောထူ သဘောချင်းတူကြကုန်သော။ ကုသလာဒိကာဓမ္မာ = ကုသိုလ်အကုသိုလ် ထိုထိုများ တောင်း တရားအပေါင်းတို့ကို။ တိကဒုက္ကေဟိ=သုံးပုံဝေကြိတ် နှစ်ထွေစိတ်၍ တိက်ဗာဝီသာ ဒုက် တရာတို့ဖြင့်။ သင်္ဂဟိတာ=အကျယ်တရပ် အလတ်တထုံး အကျဉ်းဆုံးဟု သုံးတန်ဆင့်ပွား နည်းအပြားတို့ဖြင့် ဟောကြားအပ်ပါကုန်ပြီ။ ပရိစ္ဆေဒါ=အပိုင်းကဏ္ဍ ပရိစ္ဆေဒတို့သည်။ စတုဗ္ဗိဓာ=စိတ်,ရူ, နိက်, အ, လေး ကဏ္ဍ ရှိပါကုန် ၏။ ဝါ - စတုဗ္ဗိဓာ=စိတ္တုပ္ပါဒ,ရူပ, နိက္ခေပ,အဋ္ဌကထာဟု သံခိတ္တာ ဝိတ္ထာနည်း တို့ဖြင့် ဘိဓမ္မာ ဉာဏ်ရောင် ညီးလောက်အောင် အပိုင်းကြီး လေးကဏ္ဍရှိပါပေကုန်၏။

### ၃။ သမ္ဖုလ္လ သာလောဝ သုဂန္ဓဂန္ဓိကော၊ သမ္ဖုလ္လဓမ္မေဟိ သဒါ ပဝါယိတော။ ယော ဓမ္မစက္ခုံဝိယ ဓမ္မသင်္ဂဟော၊ သဒ္ဓါယ ပညာယ စ တံ ဘဇာထမဘော။

ဘော = အို အဘိဓမ္မာ အသင်းဝင် သူတော်စင်ပေါင်း သူမြတ်လောင်းတို့။ ယောဓမ္မသင်္ဂဟော=အကြင် ဓမ္မသင်္ဂဏီ အမည်သာဆန်း ပဌမ အဘိဓမ္မာ ကျမ်းကြီးသည်။ သုဂန္ဓ ဂန္ဓိကော= ဂန္ဓာရုံ ယနံ့ကောင်းတို့ဖြင့် ပြန့်လှောင်းမွှေးကြိုင် သင်းလှိုင်၍နေပေသော။ သမ္ဖုလ္လ သာလောဝ= ရင်းဖျားကိုင်းညွတ် ပင်လုံးကျွတ်အောင် ပွင့်ဝတ်စုံလင် အင်ကြင်းပင်ကြီးကဲ့သို့။ သမ္ဖုလ္လ ဓမ္မေဟိ= ပွင့်ပွင့်လင်းလင်း ရှင်းရှင်းပြတ်သား ဟောအပ်သောတရားတို့ဖြင့်။ သဒါပဝါယိတော = ဘုံဘဝင် တိုင် အခါခပ်သိမ်း ကောင်းတင်းလှိုင်၍ နေပါပေ၏။ ဓမ္မစက္ခုံဝိယ = ရုပ်နာမ်ဓမ္မ သဘာဝကို ကျနကုန်စင် လင်းလင်းမြင်သဖြင့် ပညာရှင်လက်သုံး ဓမ္မမျက်လုံးကြီးသဘွယ်လည်း ဖြစ်ပါပေ၏။ တံ - တာဒိသံ=ထိုသို့ကျေးဇူး အထူးများလှ မြတ်ထွက်လှသည့် ဓမ္မသင်္ဂဏီ အမည်သာဆန်း ပဌမ အဘိဓမ္မာကျမ်းကို။ သဒ္ဓါယစ=စက္ကဝတ်ဖျား မင်းတရား၏ ပတ္တမြားရတနာ ကဲ့ပမာလျှင် ရောင်ဝါ ထိန်လျှပ် သဒ္ဓါဓာတ်ဖြင့်၎င်း။ ပညာယစ = ဓမ္မသတ္တိ ချက်တိုင်းထိအောင် အသိဖန်ပျိုး ဉာဏ်ရည် မျိုးဖြင့်၎င်း။ ဘဇာထမ=ပီပြင်ပြတ်သား ရွတ်ပွားကြပါစို့။ ဝါ-ဘဇာထမ=အဘိမင်္ဂလာ မြို့က်ဓမ္မာ၏ ခါတော်ကြိမ်တွေ့ ဤယနေ့ဝယ် လေ့လေ့ ဖြာစည် သဒ္ဒါဝသီဖြင့် အဉ္စလိ ရှိညွတ်တွားကြ၍ ဓမ္မသင်္ဂဏီ ဘိဓမ္မာတရားကို ရွတ်ပွားသရဇ္ဈာယ်ကြပါကုန်စို့။

ဓမ္မသင်္ဂဏီ

ကုသလာ ဓမ္မာ။ အကုသလာ ဓမ္မာ။ အဗျာကတာ ဓမ္မာ။ ။ကတမံ တံ ရူပံ ဥပါဒါ။ စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဣတ္ထိန္ဒြိယံ ပုရိသိန္ဒြိယံ ဇီဝိတိန္ဒြိယံ ကာယဝိညတ္တိ ဝစီဝိညတ္တိ အာကာသဓာတု ရူပဿ လဟုတာ ရူပဿ မုဒုတာ ရူပဿ ကမ္မညတာ ရူပဿ ဥပစယော ရူပဿ သန္တတိ ရူပဿ ဇရတာ ရူပဿ အနိစ္စတာ ကဗဠီကာရော အာဟာရော။ ။ကတမံ တံ ရူပံ စက္ခာယတနံ။ ယံ

## မြို့ရွာခရိုင်များ၌ ကျင်းပသော

# ၁၃၂၄-ခုနှစ်၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲအချို့



ဗန်းမော်မြို့သိမ်တော်ကြီး၊ ဓမ္မစကြာအသင်း



ထားဝယ်မြို့၊ ရှင်ပုဏ္ဏားတိုက်ကျောင်း အခါတော်နေ့



ပုသိမ်ခရိုင်၊ ပြင်ခရိုင်မြို့၊ အနောက်ချောင်းရပ် သုဓမ္မစာရီ ယုဝတီအဖွဲ့



လားရှိုးခရိုင်၊ မူဆယ်မြို့နယ်၊ ဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့



မြစ်ကြီးနားခရိုင်၊ ဟိုပင်မြို့၊ သီရိမင်္ဂလာ
ပရိတ်တော်အဖွဲ့

စက္ခုံ စေတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ အတ္တဘာဝပရိယာပန္နော အနိဒဿနော သပ္ပဋိဃော၊ ယေန စက္ခုနာ အနိဒဿနေန သပ္ပဋိဃေန ရူပံ သနိဒဿနံ သပ္ပဋိဃံ ပဿိ ဝါ ပဿတိ ဝါ ပဿိဿတိ ဝါ ပဿေ ဝါ၊ စက္ခုံပေတံ စက္ခာယတနံပေတံ စက္ခုဓာတုပေသာ စက္ခုန္ဒြိယံပေတံ လောကောပေသော ဒွါရာပေသာ သမုဒ္ဒေါပေသော ပဏ္ဍရံပေတံ ခေတ္တံပေတံ ဝတ္ထုံပေတံ နေတ္တံပေတံ နယနံပေတံ ဩရိမံ တီရံပေတံ သုညော ဂါမောပေသော။ ဣဒံ တံ ရူပံ စက္ခာယတနံ။ ။ကတမံ တံ ရူပံ စက္ခာယတနံ။ ယံ စက္ခု စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ အတ္တဘာဝပရိယာပန္နော အနိဒဿနော သပ္ပဋိ-ဃော၊ ယမှိ စက္ခုမှိ အနိဒဿနမှိ သပ္ပဋိဃမှိ ရူပံ သနိဒဿနံ သပ္ပဋိဃံ ပဋိဟညိ ဝါ ပဋိဟညတိ ဝါ ပဋိဟညိဿတိ ဝါ ပဋိဟညေ ဝါ၊ စက္ခုံပေတံ စက္ခာယတနံပေတံ စက္ခုဓာတုပေသာ စက္ခုန္ဒြိယံပေတံ လောကောပေသော ဒွါရာပေသာ သမုဒ္ဒေါပေသော ပဏ္ဍရံပေတံ ခေတ္တံပေတံ ဝတ္ထုံပေတံ နေတ္တံပေတံ နယနံပေတံ ဩရိမံ တီရံပေတံ သုညော ဂါမောပေသော။ ဣဒံ တံ ရူပံ စက္ခာယတနံ။

## 'ဝိ' ၁။ ကထံ သုဝိဘတ္တာ သမ္မ၊ ဓမ္မာ ဝိဘင္ဂဝါဒိနာ။ ဝိဘင်္ဂေ ဒုတိယေ ဧတ္ထ၊ ပရိစ္ဆေဒါတု ကိတ္တကာ။

သမ္မ=ပြဿနာခဲကပ် ဒုန္နယတ်ကို တုံ့ဆတ်မေးဖြေ ခွန်းတိုင်း ချေသည့် အဆွေမှန် လျှင်းချစ်မိတ်ရင်း....။ ဝိဘဇ္ဇ ဝါဒိနာ = လေးရပ်သစ္စာ နက်နဲစွာကို စိတ်ဖြာဟောကြား မြတ်ဘုရားသည်။ ဒုတိယေ=ဓမ္မသင်္ဂဏီမှထောက် နှစ်ခုမြောက်ဖြစ်သော။ ဝိဘင်္ဂေ=ဝိဘင်းခေါ်မှန်း အဘိဓမ္မာကျမ်း၌။ ဓမ္မာ = ပရမတ္ထ သဘာဝတရားတို့ကို။ ကထံ = ဒေသနာစက်ဟုန် ဘာဂ်တုန်မျှ ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့်။ သုဝိဘတ္တာ = ဝေဘန်စိတ်ပြား ဟောကြားတော်မူအပ်ပါကုန်သနည်း။ ဧတ္ထ = ဤဝိဘင်း ခေါ်မှန်း ဒုတိယ အဘိဓမ္မာကျမ်း၌။ ပရိစ္ဆေဒါတု = ဤ တွင် တရပ်တခဏ်းသတ်ဟုပိုင်းဖြတ်ဖေါ်ပြပရိစ္ဆေဒတို့သည်ကား။ ကိတ္တကာ=အဘယ်မျှတိ ရှိပါကုန်သနည်း။ ဝါ - ကိတ္တကာ = (ဝိ) ဟု ခေါ်မှန်း ဒုတိယအဘိဓမ္မာကျမ်းဝယ် အခဏ်းနှင့်ဟောမြွက်ပုံ အလုံးစုံတို့ကို မှတ်လွယ်ရုံ သံခိပ်ညွန်းတဲ့၍ ကြည်သဒ္ဓါ ဝေဝေရှန်းလောက်အောင် အဖြေခွန်း ဖွင့်လှစ်တော်မူပါလော့။

## ၂။ ခန္ဓာဒိနာဝ သုတ္တန္တ၊ ဘာဇနာဒိ နယတ္တယာ၊ ဓမ္မာ သုဝိဘတ္တာ ဧတ္ထ၊ အဋ္ဌာရသ ဝိဘတ္တိကာ။

သမ္မ = အဆစ်ခဲကပ် ဒုန္နယတ်ကို ကပ်သပ်ရှာဖွေ မေး - မေးတတ်ပါပေ ချစ်ကြည်ဆွေ....။ ဝိဘင်္ဂေ = ဝိဘင်းခေါ်မှန်း ဒုတိယ အဘိဓမ္မာကျမ်း၌။ ဓမ္မာ = ပရမတ္ထ သဘာဝတရားတို့ကို။ ခန္ဓာဒိနာဝ = ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ် နာမ်ရုပ်နှစ်ဖြာ ခန္ဓာအစရှိသောနည်းအားဖြင့်ရင်း။ သုတ္တန္တ ဘာဇနာဒိ နယတ္တယာ = သုတ္တန်လို တနည်းဖြာ အဘိဓမ္မာလို တနည်းထုတ် တိုက်နှင့် ဒုက်စစ်ဆေး မေးလင့်ဖြေကာ ပဉ္စာပုစ္ဆက နည်းသုံးဝအားဖြင့်ရင်း။ သုဝိဘတ္တာ = ဒေဝရီမျိုးရွှေစည်နှိုး၍ ရေကြည်မိုး ရွာသွန်းသကဲ့သို့ ခွဲခြမ်းစိတ်ဖြာ ဟောအပ်ပါကုန်ပြီ။ ဧတ္ထ = ဤဝိဘင်း ခေါ်မှန်း အဘိဓမ္မာကျမ်း၌။ ဝိဘတ္တိကာ=ခွဲစိတ်ဖြေရှင်း ဝိဘင်းအပြားတို့သည်။ အဋ္ဌာရသ=တဆဲ့

ရှစ်ပါးရှိပါကုန်၏။ ဝါ- အဋ္ဌာရသ = ခန္ဓာယတန ဓာတုပြ သစ္စဇ္ဇန္ဒြေ။ ။ပဋိစ်သတိ သံဃုဒ္ဓိ ဗောဓိခုနစ်ထွေ။ ။မဂ်ဈျာန်ပမဉ် သိက္ခာယှဉ် ခွဲထွင်သမ္ဘိဒေ။ ။ဉာဏ်ခုဒ္ဒက ဟဒယ ဌာရဝိဘင်္ဂ။ ဤအနေဖြင့် ကြည်တဆွေ ကျဉ်းမှတ် သားရန်ဘို့ ဝိဘင်္ဂါကျမ်းဂန် အလားတို့သည် ဆဲ့ရှစ်ပါး အပြားရှိပါပေကုန်၏။

**၃။ ယော ဒေဝဒေဝေန ဒိဝမှိ ဒေသိတော၊ ဓမ္မော ဝိဘင်္ဂေါ သုဝိဘင်္ဂဝါဒိနာ၊ ဓမ္မေဝဝတ္ထာန မတိပ္ပဒါယကော၊ သဒ္ဓါယ ပညာယစ တံ ဘဇာမဘော။**

ဘော=အဘိဓမ္မာ ပညာလျှံညီး ဥက္ကာမီးကို ညှိသီးစိုက်ထောင် ကိုယ်စီဆောင်သည့် များပြောင်စုံပေါင်း အိုသူတော်ကောင်းတို့။ ယောဝိဘင်္ဂေါ=အကြင်ဝိဘင်းတွင်ခေါ် တရားတော်မြတ်ကြီးကို။ သုဝိဘင်္ဂဝါဒိနာ=လေးရပ်သစ္စာ နက်နဲစွာကို စိတ်ဖြာခွဲခြား ဟောကြားတော်မူလေ့ရှိပေသော။ ဒေဝဒေဝေန=နတ်ဝိသုဒ္ဓိ တုမရှိသား မုနိထွတ်ထား မြတ်ဘုရားသည်။ ဒိဝမှိ=တာဝတိံသာ နတ်တို့ရွာ၌။ ဒေသိတော=ဒေသနာရွှေမိုး သောင်းထိုက်ကြိုးမျှ စွေဖြိုးရွာသွန်း အပ်လေပြီ။ ယော ဝိဘင်္ဂေါ=အကြင်ဝိဘင်းတွင်ခေါ် တရားတော်မြတ်ကြီးသည်။ ဓမ္မေဝဝတ္ထာန မတိပ္ပဒါယကော=ဤကိုယ်ကာယ တလံမျှဝယ် ဓမ္မရုပ်နာမ် ဖြစ်ချုပ်မှုန်၏ ရုပ်နာမ်နှစ်ပါး ချန်လှပ်သား၍ ဤကားလိပ်ပြာ ဤကားငါဟု ဆံလွှာမျှမျှ ရှာမရသား ဓမ္မဝဝတ္ထာန် အမြင်မှန်ကို တရံမခန္း ပေးတတ်ပါဒပေ၏။ တံဝိဘင်္ဂံ=ထိုဝိဘင်းဘွင်ခေါ် အဘိဓမ္မာတရားတော်မြတ်ကြီးကို။ သဒ္ဓါယစ=စက္ကဝတ်ဖျား မင်းတရား၏ ပတ္တမြားရတနာ ကဲ့ပမာလျှင် ရောင်ဝါထိန်လျှပ် သဒ္ဓါဓာတ်ဖြင့်၎င်း။ ပညာယစ=ဓမ္မသတ္တိ ချက်ဘိုင်းထိအောင် အသိဖန်ပျိုး ဉာဏ်ချည်မျိုးဖြင့်၎င်း။ ဘဇာမ=ပီပြင်ပြတ်သား ရွတ်ပွားကြပါစို့။ ဝါ-ဘဇာမ=ပရမတ္ထ သဘာဝဝယ် ဓမ္မဝဝတ္ထာန် အမြင်မှန်၍ အသင်္ခတ် နိဗ္ဗာန်ရအောင် ဝိဘင်္ဂါ ဘိဓမ္မာတရားကို ရွတ်ပွားသရဇ္ဈာယ်ကြပါကုန်စို့။

**ဝိဘင်္ဂ**

စတ္တာရော သတိပဋ္ဌာနာ—ဣဓ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဝေဒနာသု ဝေဒနာ-နုပဿီ ဝိဟရတိ၊ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ ။ကထဉ္စ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဣဓ ဘိက္ခု ယဿ္မိံ သမယေ လောကုတ္တရံ ဈာနံ ဘာဝေတိ နိယျာနိကံ အပစယဂါမိံ ဒိဋ္ဌိဂတာနံ ပဟာနာယ ပဌမာယ ဘူမိယာ ပတ္တိယာ ဝိဝိစ္စေဝကာမေဟိ။ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ ကာယေ ကာယာနုပဿီ၊ ယာ တသ္မိံ သမယေ သတိ အနုဿတိ သမ္မာသတိ သတိသမ္ဗောဇ္ဈင်္ဂေါ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ၊ ဣဒံ ဝုစ္စတိ သတိပဋ္ဌာနံ။ အဝသေသာ ဓမ္မာ သတိပဋ္ဌာနသမ္ပယုတ္တာ။ ။ကထဉ္စ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ ဣဓ ဘိက္ခု ယသ္မိံ သမယေ လောကုတ္တရံ ဈာနံ ဘာဝေတိ နိယျာနိကံ အပစယဂါမိံ ဒိဋ္ဌိဂတာနံ ပဟာနာယ ပဌမာယ ဘူမိယာ ပတ္တိယာ ဝိဝိစ္စေဝ ကာမေဟိ ။ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ ဝေဒနာသု ဝေဒနာနုပဿီ၊ ယာ တသ္မိံ သမယေ သတိ အနုဿတိ သမ္မာသတိ သတိသမ္ဗောဇ္ဈင်္ဂေါ မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နံ၊ ဣဒံ ဝုစ္စတိ သတိပဋ္ဌာနံ။ အဝသေသာ ဓမ္မာ သတိပဋ္ဌာန သမ္ပယုတ္တာ။

**‘ခ’ ၁။ ကထံ ဓာတုကထံ ဒေဝ၊ ဒေဝေါ ဒေဝါန မာလယေ၊**
**ဒေသေသိ ဒေဝပြဟ္မာနံ၊ နယာတု တ္ထေ ကိတ္တကာ။**

သမ္မ=တကျမ်းပြီးနောက် တကျမ်းကောက်၍ ဇောထောက်စစ်ဆေး သိလိုရေးဖြင့် မေးပရစေ ချစ်မိတ်ဆွေ....။ ဒေဝ ဒေဝေါ=မဟာဒေဝရာဇ် ဘုန်းလျှံသစ်သား ရှင်ချစ်ပရမေ သုံးလူ့ဆွေသည်။ ဒေဝါန မာလယေ=ဝတိံသဘူမိ နန်းသိရိဝယ် ကောဝိဠာရ မြကာသစ်ရိပ် ခြည်လျှံဖိတ်သား ဓဒဝိသ်စံရာ ကမ္ဗလာပဏ္ဍု လဲဝါနှု၌။ ဒေဝပြဟ္မာနံ=စက္ကဝါပေါင်း တိုက်တသောင်းမှ ခညောင်းရောက်လာ နတ်ပြဟ္မာတို့အား။ ဓာတုကထံ = ဓာတုကထာ မည်သာတွင်မှတ် အဘိဓမ္မာတရားတော်မြတ်ကို။ ကထံ=ဘယ်သို့ဘယ်ပုံ နည်းနာစုံခအောင်။ ဒေသေသိ = ဒေသနာရွှေမိုး ခွေကာကြိုး၍ ဈွေဖြိုးရွာသွန်းတော် မူခဲ့ပါသနည်း။ တ္ထေ=ဤဓာတုကထာ မည်သာတွင်မှတ် တရားတော်မြတ်၌။ နယာတု=စိတ်ဖြာဟောကြား နည်းအပြားတို့သည်ကား။ ကိတ္တကာ=အဘယ်မျှထိ ရှိပါကုန်သနည်း။ ဝါ-ကိတ္တကာ=ဓာတုကထာ ကျမ်းရွှေစာဝယ် မြတ်စွာရှင်စော ဘယ်ပုံဟောဟု သဘောနှင့်သရုပ်နှစ်ဖြာကို ထုတ်ခါဖွေညွှန်း နေလျှံထွန်းသို့ အဖြေခွန်း ကျူးမိန့်တော်မူပါလော့။

**၂။ ဒီပယံ ဓာတုပုဂ္ဂတ္တံ၊ နာနာဓာတု ဝိဘဇ္ဇကော၊**
**ဓာတုကထံ ယံ ဒေသေသိ၊ နယာ တ္ထေ စတုဒ္ဒသ။**

နာနာဓာတု ဝိဘဇ္ဇကော=နာနာဓာတု ဝိဘဇနှ ဉာဏသခင် ဘုရားရှင် ကိုယ် တော်မြတ်ကြီးသည်။ ဓာတု ပုဂ္ဂတ္တံ=ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ် နာမ်ရုပ်နှစ်ရပ် ဓာတ်အစုဝေးမျှ ဖြစ်သည်ကို။ ဒီပယံ - ဒီပယန္တော=အလင်းထင်ပေါ် ညွှန်းပြတော်မူလျက်။ ယံဓာတုကထံ=အကြင် ဓာတုကထာ မည်သာတင့်ဆန်း အဘိဓမ္မာကျမ်းကို။ ဒေသေသိ=သောင်းစက္ကဝါ နတ်ပြဟ္မာတို့အား ဒေသနာရွှေမိုး ခွေကာကြိုး၍ ဈွေဖြိုးရွာသွန်းတော် မူလေ့ပြီ။ တ္ထေ=ဤဓာတုကထာ မည်သာတင့်ဆန်း အဘိဓမ္မာကျမ်း၌။ နယာ=သိဘွယ်ဟောကြား နည်း အပြား တို့သည်။ စတုဒ္ဒသ=သချာဆပွား ဆဲ့လေးပါးရှိကုန်၏။ ဝါ - စတုဒ္ဒသ=သင်္ဂဟ သင်္ဂဟာ သမ္ပယောဂ ဝိပ္ပယော နှစ်ပါးစုံ စပ်နှော၍ ဓာတ်သဘော အစုမျှ ဖြစ်ခြင်းတ္တကို ရှင်းပြစိတ်ဖြာ နည်းဝိတ္ထာသည် ဉာဏ်ပထျာ ခွဲ၍ တွေးပါတော့ စံသချာ ဖွဲ့နွဲ့ရေးရလျှင် တဆဲ့လေးပါး အပြားရှိပါကုန်သတည်း။

**၃။ ဓာတုညူ ကောသလ္လ မတိပ္ပဝုဒ္ဓကံ၊ ရိတ္တတ္တ တုစ္ဆတ္တ နိဇ္ဇီဝ ဒီပကံ၊**
**ကထေမတံ ဓာတုကထံ ဇိနေရိတံ၊ ကထံ ကထံ တိဏ္ဏမုပါယ မုတ္တမံ။**

ဘောန္တော=ဓာတုပုဒ္ဓ သမူဟကို တွေးဆသက်ဝင် ဉာဏ်ကြည်လင်သည့် သူတော်စင်ပေါင်း အိုသူမြတ်လောင်းတို့....။ ဓာတုညူ=တဆဲ့ရှစ်ပါး ဓာတ်အပြားတို့၌။ ကောသလ္လ မတိပ္ပဝုဒ္ဓကံ=လိမ္မာကျွမ်းကျင် ဉာဏ်အမြင်ကို အစဉ်မနား တိုးပွားဖြစ်ထွန်း စေတတ်ထသော။ ရိတ္တတ္တ တုစ္ဆတ္တ နိဇ္ဇီဝ ဒီပကံ=ရိတ္တ သဘောမှန် တုစ္ဆ သဘောမှန် နိဇ္ဇီဝသဘောမှန်တို့ကို ပြညွှန်လေ့ရှိပေထသော။ ကထံ ကထံ တိဏ္ဏမုပါယမုတ္တမံ=သို့လော သို့လော တွေးတောယုံမှား ထင်ဝိုးဝါးကို ကျော်လွှားလွန်မြောက်ကြောင်း ကောင်းမြတ်သောဥပါယ်တမည်လည်းဖြစ်ပေထသော။ ဇိနေရိတံ=

## မြို့ရွာခရိုင်များ၌ ကျင်းပသော

# ၁၃၂၄-ခုနှစ်၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲအချို့



ပုတာအို၊ တောင်တန်းသာသနာပြု



ကသာခရိုင်၊ မင်းသာ-မကျီးကုန်း ဝိပဿနာအဖွဲ့



မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း



စစ်ကိုင်းခရိုင်၊ ညောင်ရင်း၊ ဗုဒ္ဓဝါဒဖြန့်ဖြူးရေးအသင်း



မအူပင်ခရိုင်၊ ကျောင်းရွာ၊ အဘိဓမ္မာပဋ္ဌာန်းဝတ်အသင်း

ရှင်စောဗျာနွတ် ကြာကုမုဒ်မှ အာလုပ်ရင့်ရှု ဟောဖွင့်တော်မူအပ်သော။ တံဓာတုကထံ=ထိုဓာတုကထာ သညာတင့်ဆန်း အဘိဓမ္မာကျမ်းကို။ ကထေမ=ပီပြင် ပြတ်သား ရွတ်ပွား ကြပါစို့။ ဝါ- ကထေမ=ဓာတုကထာ ကျမ်းရွေစာကို သဒ္ဓါသတိန် သမာဓိန်နှင့် ပညိန်ဝိရိယ ငါးချက်မျှ၍ မေ့မပူဇာ ဤအခါဝယ် ကြည်သဒ္ဓါ ရွှင်ရွှင်အားတို့ဖြင့် ပြည်နိဗ္ဗူ ဆုညွှတ်ထားကြ၍ ရွတ်ပွားသရဇ္ဈာယ် ကြပါကုန်စို့။

**ဓာတုကထာ**

သနိဒဿနာ ဓမ္မာ ဧကေန ခန္ဓေန ဧကေနာယတနေန ကောယ ဓာတုယာ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ စတူဟိ ခန္ဓေဟိ ကောဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတာ။ ။အနိဒဿနာ ဓမ္မာ အသင်္ခတံ ခန္ဓတော ဌပေတွာ ပဥ္စဟိ ခန္ဓေဟိ ကောဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ န ကေဟိစိ ခန္ဓေဟိ ဧကေနာယတနေန ကောယ ဓာတုယာ အသင်္ဂဟိတာ။ ။သပ္ပဋိဃာ ဓမ္မာ ဧကေန ခန္ဓေန ဒသဟာယတနေဟိ ဒသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ စတူဟိ ခန္ဓေဟိ ဒွိဟာယတနေဟိ အဋ္ဌဟိ ဓာတူဟိ အသင်္ဂဟိတာ။ ။အပ္ပဋိဃာ ဓမ္မာ အသင်္ခတံ ခန္ဓတော ဌပေတွာ ပဥ္စဟိ ခန္ဓေဟိ ဒွိဟာယတနေဟိ အဋ္ဌဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ န ကေဟိစိ ခန္ဓေဟိ ဒသဟာယတနေဟိ ဒသဟိ ဓာတူဟိ အသင်္ဂဟိတာ။ ။ရူပိနော ဓမ္မာ ဧကေန ခန္ဓေန ကောဒသဟာယတနေဟိ ကောဒသဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ စတူဟိ ခန္ဓေဟိ ဧကေနာယတနေန သတ္တဟိ ဓာတူဟိ အသင်္ဂဟိတာ။ ။အရူပိနော ဓမ္မာ အသင်္ခတံ ခန္ဓတော ဌပေတွာ စတူဟိ ခန္ဓေဟိ ဒွိဟာယတနေဟိ အဋ္ဌဟိ ဓာတူဟိ သင်္ဂဟိတာ။ ကတိဟိ အသင်္ဂဟိတာ၊ ဧကေန ခန္ဓေန ဒသဟာယတနေဟိ ဒသဟိ ဓာတူဟိ အသင်္ဂဟိတာ။

## ‘လ’ ၁။ ကထံ ပုဂ္ဂလ ပညတ္တိံ၊ တိလောကေ ကဂ္ဂပုဂ္ဂလော၊ ပညပေသိ မဟာဝီရော၊ ဒေဝ ဒါနဝ ပူဇိတော။

ဒေဝဒါနဝ ပူဇိတော=နတ်နတ်တကာ အသူရာတို့ သဒ္ဓါညွတ်ပျပ် ပူဇော်အပ်ပေထသော။ မဟာဝီရော=သမန္တစက္ခုံ ဗုဒ္ဓဘုံသို့ တဟုန်တည်းပေါက် ခရီးရောက်အောင် ကြီးမြောက်ထက်သန် သူမတန်သည့် သမ္မပ္ပဓာန် လုံ့လ ဝီရိယသည်းရှိတော်မူပေထသော။ တိလောကေ ကဂ္ဂ ပုဂ္ဂလော= လောကဓာတ် ခရိုင် ဘုံသုံးဆိုင်ဝယ် နှုန်းပြိုင်အပ်သူ တယောက်လူမျှ မပြူဘက်ပြုန်း အမြတ်ဆုံးခေါ် ဆို ပုဂ္ဂိုလ်စင်စစ် ဖြစ်တော်မူငြား မြတ်စွာဘုရားသည်။ ပုဂ္ဂလ ပညတ္တိံ=ပုဂ္ဂလပညတ် ခေါ်မှတ်မည်ဆန်း စတုတ္ထအဘိဓမ္မာ ကျမ်းကို။ ကထံ=ဘယ်ပုံစိတ်ဖြာ ဘယ်ခြင်းရာဖြင့်။ ပညပေသိ=ပညတ်ဟောဖေါ် သိစေတော်မူပါသနည်း။ ဝါ-ကထံပညပေသိ=(လ) ဟု ခေါ်မှန်း စတုတ္ထ ဘိဓမ္မာ ကျမ်းဝယ် အခဏ်းနှင့် ဟောမြွက်ပုံ အလုံးစုံတို့ကိုမှတ်လွယ်ရုံ သံခိပ်ညွှန်းတဲ့၍ ကြည်သဒ္ဓါ ဝေဝေ ရွှန်းလောက်အောင် အဖြေခွန်း ဖွင့်လှစ်တော်မူပါလော့။

## ၂။ ယံ ယံ ဓမ္မ မုပါဒါယ၊ ယော ယော ပုဂ္ဂလ သမ္မတော၊ တံ တံ ဓမ္မံဝိဘဇိတွာ၊ ဒေသေသိ ယာဝ ပဥ္စကာ။

တိလောကေကဂ္ဂ ပုဂ္ဂလော=လောကခုံတ်ခရိုင် ဘုံသုံးဆိုင်ဝယ် နှုန်းပြိုင်အပ်သူ တယောက်လူမျှ မပြူဖက်ပြိုန်း အမြတ်ဆုံးခေါ်ဆို ပုဂ္ဂိုလ်စင်စစ် ဖြစ်တော်မူငြား မြတ်စွာဘုရားသည်။ ယံ ယံ ဓမ္မံ=ကောင်းဆိုးနှစ်ပြင် အကြင်အကြင်သို့သော သဘာဝဓမ္မကို။ ဥပါဒါယ=အစွဲတခု အခြေခံပြု၍။ ယော ယော ပုဂ္ဂလ သမ္မတော=ကောင်းဆိုးနှစ်ရပ် အကြင်အကြင်သို့သော ပုဂ္ဂလ ပညတ်သည်။ ဟောတိ=သမ္မုတိသစ္စာ လူမှာထင်ရှား ဖြစ်ပွား၍ နေပါပေ၏။ တံ တံ မွေံ=ကောင်းဆိုး နှစ်ရပ်ပုဂ္ဂလပညတ်တို့ စွဲမှတ်ဘို့ အခြေခံ အမှန်တိတိ ထင်ရှားရှိသည့် အဝိပရိဘ သဘာဝအား ထိုထိုပရမတ္ထတရားကို။ ဝိဘဇိတွာ=အကာကိုပစ် အနှစ်ကိုရှာ ကဲ့ပမာလျှင် စိတ်ဖြာခွဲခြမ်းတော်မူ၍။ ယာဝ ပဥ္စက=တမျိုးနှစ်မျိုး သုံးလေးမျိုးနှင့် ငါးမျိုးခေါ်မြောက် ပုဂ္ဂိုလ်အစုသို့ တိုင်ရောက်အောင်။ ဒေသေသိ=စိတ်ဖြာခွဲခြား ဟောကြားတော်မူခဲ့လေပြီ။ ဝါ ဒေသေသိ=ပုဂ္ဂိုလ်တွင်ကားမရပ်နားဘဲ ခုံတ်သားစင်စစ် ပရမတ်နှစ်သို့ ထွန်းသစ်ဉာဏ်ခြေ ရောက်ကုန်စေဟု မြတ်စိန္တေ လူ့ခေါင်ဘုရားသည် ပညတ်စုံ ဘိဓမ္မာတရားကို ဟောကြား ပြသတော်မူခဲ့လေပြီ။

## ၃။ ဓမ္မေဟိ ပညတ္တိ ပဘေဒ ဒီပကံ၊ သတ္တုပ လဒ္ဒိဥ္စ ပနူဒကံ ဝရံ၊ အာသီသမာနာ သုဝိမုတ္တိ မစ္စုတိံ၊ ဘဏာမ တံဘော မုနိနောနုသာသနိံ။

ဘော=ပရမတ် ပညတ် ယင်းနှစ်ရပ်ဝယ် ရှင်းပြတ်သက်ာ ဉာဏ်ဝိဇ္ဇာဖြင့် စိတ်ဖြာလိုတောင်း အိုသူတော်ကောင်းတို့....။ ဓမ္မေဟိ=ပရမတ္ထ သဘာဝ ဓမ္မတို့ဖြင့်။ ပညတ္တိပဘေဒ ဒီပကံ=ကောင်းဆိုးနှစ်ပါး ပုဂ္ဂလပညတ် အပြားကို ခွဲခြားစိတ်ဖြာ ပြတတ်စွာသော။ သတ္တုပလဒ္ဒိဥ္စ=အနမတဂ် သံသာစက်မှ ခုထက်တိုင်ပင် အမျှင်မပြတ် စွဲယူမှတ်သည့် သတ္တဒိဋ္ဌိ ဝိပရိ ဖေါက်ပြားအယူမှားကိုလည်း။ ပနူဒကံ=နေလုံ့ရှိန်ကျောက် ဆီးနှင်းပေါက်သို့ သွေ့ခြောက်စေသား ပယ်ရှားဖြတ်တောက်နိုင်ပေထသော။ ဝရံ=မဟာပညဝန် ပုဂ္ဂိုလ်မွန်တို့ လွန်နှစ်လိုအပ် မြတ်ပေထသော။ မုနိနော=သကျမုနိ တုမရှိ၏။ အနုသာသနိံ=နိဗ္ဗူရောက်ကြောင်း ကောင်းမြတ်သော အဆုံးအမဖြစ်ပေထသော။ တံပုဂ္ဂလ ပညတ္တိံ=ထိုပုဂ္ဂလပညတ် ခေါ်မှတ်မည်ဆန်း စတုတ္ထ အဘိဓမ္မာကျမ်းကို။ အစ္စုတိံ=စုတေ့ဖေါက်ပြား ရွေ့ရှားခြင်းမရှိသော။ သုဝိမုတ္တိံ=ကိလေသာစက် သုံးဆောင်ဝက်မှ လွတ်ထွက်ရာမှန် ပြည်နိဗ္ဗာန်ကို။ အာသီသမာနာ=တောင့်တလင့်ဆို အလိုရှိကြကုန်သော။ မယံ=အဘိဓမ္မာ အသင်းဝင် သူတော်စင် အကျွန်ုပ်တို့သည်။ ဘဏာမ=ပိပြင်ပြတ်သား ရွတ်ပွားကြပါစို့။ ဝါ-ဘဏာမ=သတ္တဒိဋ္ဌိ ဝိပရိဟု မဂ်၏ တံသင်း ရန်ခပင်းကို ဉာဏ်စင်းပစ်ချိန် စစ်ဦးနှိမ်ဘို့ စောမုနိန် မိန့်ဖေါ်ကြားခဲ့သည့် ပညတ်စုံ ဘိဓမ္မာတရားကို ရွတ်ပွားသရဇ္ဈာယ်ကြပါကုန်စို့။

### ပုဂ္ဂလပညတ္တိ

ကတမော စ ပုဂ္ဂလော အဝကုဋ္ဌပညော၊ ဣဓေကစ္စော ပုဂ္ဂလော အာရာမံ ဂန္တာ ဟောတိ အဘိက္ခဏံ ဘိက္ခူနံ သန္တိကေ ဓမ္မဿဝဏာယ၊ တဿ ဘိက္ခူ ဓမ္မံ ဒေသေန္တိ အာဒိကလျာဏံ မဇ္ဈေ

ကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဥ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေန္တိ။ သော တသ္မိံ အာသနေ နိသိန္နော တဿာ ကထာယ နေဝ အာဒိံ မနသိ ကရောတိ၊ န မဇ္ဈံ မနသိ ကရောတိ၊ န ပရိယောသာနံ မနသိ ကရောတိ၊ ဝုဋ္ဌိတောပိ တမှာ အာသနာ တဿာ ကထာယ နေဝ အာဒိံ မနသိ ကရောတိ၊ န မဇ္ဈံ မနသိ ကရောတိ၊ န ပရိယောသာနံ မနသိ ကရောတိ။ သေယျထာပိ နာမ ကုမ္ဘော နိက္ကုဇ္ဇော တတြ ဥဒကံ အာသိတ္တံ ဝိဝဋ္ဋတိ နော သဏ္ဌာတိ။ ဧဝမေဝံ ခ္လ ဓေကစ္စော ပုဂ္ဂလော အာရာမံ ဂန္တာ ဟောတိ အဘိက္ခဏံ ဘိက္ခူနံ သန္တိကေ ဓမ္မဿဝဏာယ၊ တဿ ဘိက္ခူ ဓမ္မံ ဒေသေန္တိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဥ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေန္တိ။ သော တသ္မိံ အာသနေ နိသိန္နော တဿာ ကထာယ နေဝ အာဒိံ မနသိ ကရောတိ၊ န မဇ္ဈံ မနသိ ကရောတိ၊ န ပရိယောသာနံ မနသိ ကရောတိ။ ဝုဋ္ဌိတောပိ တမှာ အာသနာ တဿာ ကထာယ နေဝ အာဒိံ မနသိ ကရောတိ၊ န မဇ္ဈံ မနသိ ကရောတိ၊ န ပရိယောသာနံ မနသိ ကရောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော အဝကုဇ္ဇပညော။

## 'က' ၁။ ဇိနာဒိစ္စော ကထာဝတ္ထု၊ ဓမ္မံသုနာ မဟာသရေ၊ ဇာတိကွေ့တ္တွေ ပဗောဓေသိ၊ ကထံ ဒိဝေါက ပက်ဇေ။

ဇိနာဒိစ္စော=သဗ္ဗညုတ ဉာဏဗွေချက် ရွှေတောင်ထက်မှ ပေါ်ထွက်ထွန်းပြူ ဥဒည်မူသား သဃမ္ဗူဖျား ဘုရားနေမင်း သုံးလူ့သနင်းသည်။ ဇာတိကွေ့တ္တေ မဟာသရေ=ဇာတိခေတ်ပေါင်း တသောင်းသချော စက္ကဝါခရိုင် ပဒုံမာကြာအိုင်ကြီးထဲ၌။ ဒိဝေါက ပက်ဇေ=နတ် နတ်တကာ ဗြဟ္မာ ဟူဟု သတ္တဝါကိန်း အသိန်းအသန်း ပဒုမာ ကြာပန်းတို့ကို။ ကထာဝတ္ထု ဓမ္မံသုနာ= ကထာဝတ္ထု ခေါ်တွင်ပြူသား မွေ့ပဒေသ နယ်မြားမြောင် တရားတည်းဟူသော အရှဏ်ရောင် ဖြင့်။ကထံ=ဘယ်ပုံခွဲခြမ်း ဘယ်နည်းလမ်းအားဖြင့်။ပဗောဓေသိ=သစ္စာလေးဆင့် ပွင့်စေပါသနည်း။ ဝါ-ကထံ ပဗောဓေသိ=သောင်းစက္ကဝါ အိုင်ကုဏ္ဍာဝယ် ပဒုံမာဇာတ် အနတ်နတ်တို့ ရစ်ပတ်ပိတ် ထေး အဝိဇ္ဇာခမြူးကို ဝေးစေဖျောက်ကာ ဘယ်ခြင်းရာဖြင့် သစ္စာလေးဆင့် တွေးတွေးရင့်အောင် ပွင့်စေထွန်းစေ ပွင့်ထွန်းတော်မူစေခဲ့ပါသနည်း။

## ၂။ ဆလဝါဒံ ဝိနိဂ္ဂယှ၊ သ ဝါဒံ နိစ္စလံ ဌိတံ၊ နာနာ သုတ္တ ဓမ္မံသူဟိ၊ ဗောဓေသိ ဇိန ဘာဏုမာ။

သမ္မ=သဒ္ဒအတ္ထာ အလင်္ကာတို့ မင်္ဂလာလျှံတောက် စံယူလောက်အောင် စောထောက် စစ်ဆေး နှုတ်ယဥ်ကျေးဖြင့် မေး-မေးတတ်ပါပေ ချစ်မိတ်ဆွေ....။ ဇိနဘာဏုမာ= ဘုရား နေမင်း သုံးလူ့သနင်းသည်။ ဇာတိကွေ့တ္တေ - မဟာသရေ=ဇာတိခေတ်ပေါင်းတသောင်းသချော စက္ကဝါ ခရိုင် ပဒုံမာ ကြာအိုင်ကြီးထဲ၌။ ဆလဝါဒံ=မိစ္ဆာအယူ မဖြူရစ်မြေး အညစ်အကြေးကို။ နာနာ သုတ္တဓမ္မံသူဟိ= သချာမြားမြောင် သုတ်ဓမ္မကွန် အလင်းရောင်တို့ဖြင့်။ ဝိနိဂ္ဂယှ - အာဇာနာဘိ နိဂ္ဂဟံ= အောင်သံကျူးညိတ် အကြွင်းမဲ့ ကွပ်နှိပ်၍ရင်း။ သဝါဒံ=ဝါဒစင်ဖြူ ကိုယ်တော့်အယူကို။ နိစ္စလံ ဌိတံ=မိစ္ဆာလေဟုန် တိုက်လှင့်သုန်လည်း မတုန်မြူခနဲ့ ကျန့်ကျန့် ခိုင်ကျည် တည်အောင်ပြု

တော်မူ၍ရှင်း။ ဗိုဝေါက ပက်ဇေ=နုတ် နုတ်တကာ ပြုဟူ့ဘူ့ဟု သတ္တဝါကိန်း အသိန်းအသန်း ပဒုံမာ ကြာပန်းတို့ကို။ ဗောဒေသိ=သစ္စာလေးဆင့် ပွင့်စေတော်မူပြီ။ ဝါ-ဗောဓေသိ=သောင်းစကြဝါ အိုင်ကုဏ္ဍာဝယ် ပဒုံမာဇာတ် အနုတ်နုတ်တို့ ရစ်ပတ်ပိတ်ထေး အဝိဇ္ဇာမြေးကို ဝေးစေဖျောက်ကာ ဉာဏ်ခြင်းရာဖြင့် သစ္စာလေးဆင့် ဘွေးဘွေးရင့်အောင် ပွင့်ခ ထွန်းစေ ပွင့်ထွန်းတော်မူခဲ့ပြီ။

## ၃။ ဝိတဏ္ဍာ ဝါဒိန ဝိဝါဒ မဒ္ဒနံ၊ ဝိဘဇ္ဇ ဝါဒိန သုဝါဒဇ မ္ဘနံ၊ ယုတ္တိံ အယုတ္တိဥ္စ ဝိ ဝိစ္စ ဒေသိတံ၊ ဘဏာမ တံ ဒါနိ ကထာန ဝတ္ထုကံ။

ဘော=အို သူတော်ကောင်း သူမြတ်လောင်းတို့။ ဝိတဏ္ဍာဝါဒိနံ=မိစ္ဆာဝါဒီ လူဗာဟီတို့၏။ ဝိဝါဒ မဒ္ဒနံ=မိစ္ဆာဒိဋ္ဌိ ဖုံးအုပ်ဖိ၍ ပြောမိပြောမှား ဝါဒများကို ပယ်ရှား နှိပ်နင်းရာလည်း ဖြစ်ပေထသော။ ဝိဘဇ္ဇ ဝါဒီနံ=လေးရပ်သစ္စာ နက်နဲစွာကို စိတ်ဖြာဟောကြား မြတ်ဘုရားတို့၏။ သုဝါဒဇမ္ဘနံ=ပဋ္ဌိပဒါမဇ္ဈိမ လမ်းမှန်ကျသား ဝါဒစင်ပြူ ထိုအယူ၏ ဗိုလ်လူများကြွယ် ပရိသတ် အလယ်၌ စံပယ်ကွန့်မြူးရာလည်း ဖြစ်ပေထသော။ ယုတ္တိဥ္စ=အသင့်ယုတ္တိ ရှိသည်ကိုရှင်း။ အယုတ္တိဥ္စ= အသင့်ယုတ္တိ မရှိသည်ကိုရှင်း။ ဝိ ဝိစ္စ=ခွဲခြမ်းစိတ်ဖြာ နည်းစုံမြွာ၍။ ဒေသိတံ= ဉာဏ်ကားအသင့် ဉာဏ် မသင့်ဟု လှစ်ဖွင့်ထင်ရှား ဟောကြားအပ်ပေသော။ တံ ကထာန ဝတ္ထုံ=ထို က ထာ ဝတ္ထု ခေါ်တွင်ပြုသား ဓမ္မုပဒေသ နယထူးဆန်း ပဋ္ဌမ အဘိဓမ္မာကျမ်းကို။ ဒါနိ—ဣဒါနိ=အဘိဓမ္မာ ဒေသနာဝုံချိး ပွဲကြီးခြိမ့်ညာ ဉာဏ်ယခုအခါ၌။ ဘဏာမ=ပီပြင်ပြတ်သားရွတ်ပွားကြပါစို့။ ဝါ-ဘဏာမ=ပရဝါဒီ ပြင်ဗာဟီဟု တဂ္ဂိသမား ကြံဝိုးဝါးတို့ စကားလုံ့ဖန် ဉာဏ်လူ့ဌာနဝယ် အမှန်ကိုသိထင် ရှားစေဟု ကထာစုံ ဘိဓမ္မာတရားကို ရွတ်ပွားသရဇ္ဈာယ်ကြပါကုန်စို့။

**ကထာဝတ္ထု**

နိုရောဓသစ္စံ အသင်္ခတံ, နိရောဓော အသင်္ခတောတိ၊ အာမန္တာ။ ဒုက္ခသစ္စံ အသင်္ခတံ, ဒုက္ခံ အသင်္ခတန္တိ၊ န ဟေဝံ ဝတ္တဗ္ဗေ ။ပ။ နိရောဓသစ္စံ အသင်္ခတံ, နိရောဓော အသင်္ခတောတိ၊ အာမန္တာ။ သမုဒယသစ္စံ အသင်္ခတံ, သမုဒယော အသင်္ခတောတိ၊ န ဟေဝံ ဝတ္တဗ္ဗေ ။ပ။ နိရောဓသစ္စံ အသင်္ခတံ, နိရောဓော အသင်္ခတောတိ၊ အာမန္တာ။ မဂ္ဂသစ္စံ အသင်္ခတံ, မဂ္ဂေါ အသင်္ခတောတိ၊ န ဟေဝံ ဝတ္တဗ္ဗေ ။ပ။ ။ဒုက္ခသစ္စံ အသင်္ခတံ, ဒုက္ခံ သင်္ခတန္တိ၊ အာမန္တာ။ နိရောဓသစ္စံ အသင်္ခတံ, နိရောဓော သင်္ခတောတိ၊ န ဟေဝံ ဝတ္တဗ္ဗေ ။ပ။ သမုဒယသစ္စံ အသင်္ခတံ, သမုဒယော သင်္ခတောတိ၊ အာမန္တာ။ နိရောဓသစ္စံ အသင်္ခတံ, နိရောဓော သင်္ခတောတိ၊ န ဟေဝံ ဝတ္တဗ္ဗေ ။ပ။ မဂ္ဂသစ္စံ အသင်္ခတံ, မဂ္ဂေါ သင်္ခတောတိ၊ အာမန္တာ။ နိရောဓသစ္စံ အသင်္ခတံ, နိရောဓော သင်္ခတောတိ၊ န ဟေဝံ ဝတ္တဗ္ဗေ ။ပ။ န ဝတ္တဗ္ဗံ "စတ္တာရိ သစ္စာနိ အသင်္ခတာနီ"တိ၊ အာမန္တာ။ နနု ဝုတ္တံ ဘဂဝတာ "စတ္တာရိမာနိ ဘိက္ခဝေ တထာနိ အဝိတထာနိ အနညထာနိ။ ကတမာနိ စတ္တာရိ၊ 'ဣဒံ ဒုက္ခ'န္တိ ဘိက္ခဝေ တထမေတံ အဝိတထမေတံ အနညထမေတံ ။ပ။ 'အယံ ဒုက္ခသမုဒယော'တိ ။ပ။ 'အယံ ဒုက္ခနိရောဓော'တိ ။ပ။ 'အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ'တိ တထမေတံ အဝိတထမေတံ အနညထမေတံ ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ တထာနိ အဝိတထာနိ အနညထာနီ"တိ၊ အတ္ထေဝ သုတ္တန္တောတိ၊ အာမန္တာ။ တေနဟိ စတ္တာရိ သစ္စာနိ အသင်္ခတာနီတိ။

**'ယ' ၁။ ယမဿ ဝိသယာ တီတော၊ ယမကံ ယ မဒေသယိ၊**
**ကထံ ကိံဝ ပရိစ္ဆေဒ၊ မဏ္ဍိတံ ကာနိ ဒဿယံ။**

ယမဿ=ယမခေါ်လျှင်း မစ္စုမင်း၏။ ဝိသယာတီတော=ဂေါစရဂါမ် ပဥ္စက္ခန်ကို ကျော်လွန်ထွက်မြောက်တော်မူပြီးသော မြတ်စွာဘုရားသည်။ ယံ ယမကံ=အကြင်ယမကတွင်ခေါ် အဘိဓမ္မာတ ရားတော်ကို။ အဒေသယိ= ဒယာဆော်နှိုး နတ်စည်ပျိုးသို့ မိုးဘဝဂ်ယံ ကောင်းတင်းလျှံအောင် ထုတ်ပြန်ဟောကြားတော်မူခဲ့လေပြီ။ တံ ယမကံ=ထို ယမက တွင်ခေါ် အဘိဓမ္မာ တရားတော်ကို။ ကထံ=ဘယ်ပုံစိတ်ဖြာ ဘယ်ခြင်းရာဖြင့်။ ကိံဝ ပရိစ္ဆေဒ မဏ္ဍိတံ= ဘယ်မျှသောအားပိုင်းအခြားတို့ဖြင့် ဆန်းပြားစုံလင် တန်ဆာဆင်အပ်သည်ကိုပြု၍။ ကာနိ= ဘယ်ပုံထူးခြား ဘယ်တရားတို့ကို။ ဒဿယံ-ဒဿယန္တော=သောင်းစကြဝဠာ နတ်ဗြဟ္မာတို့ သိပါစေဟူ ပြတော်မူလျက်။ ဒေသေသိ=ထုတ်ဖေါ်ထင်ရှား ဟောကြားတော်မူခဲ့ပါသနည်း။ ဝါ-ဒေသေသိ=(ယ) ဟု ခေါ်မှန်းခြောက်ဆင့်မြောက် အဘိဓမ္မာ ကျမ်းဝယ် အခဏ်းနှင့်ဟောမြွက်ပုံ အလုံးစုံတို့ကို မှတ်လွယ်ရုံသံခိပ် ညွှန်းတဲ့၍ ကြည်သဒ္ဓါ ဝေဝေရွှန်းလောက်အောင် အဖြေခွန်းဖွင့်လှစ်တော်မူပါလော့။

**၂။ ယမကံ ယ မကံခါယ၊ ပုစ္ဆာဓမ္မတ္ထ လက္ခဏော၊**
**ပရိညာ ဒဿယံ တိဿော၊ ဒေသယိ ဒသဓာ ဇိနော။**

ဇိနော= ငါးပါးမာရ်အောင် မြတ်ဘုန်းခေါင်သည်။ ယံ ယမကံ= အကြင်ယမက တွင်ခေါ် ခြောက်ဆင့်မြောက် အဘိဓမ္မာ တရားတော်ကို။ အကံခါယ= ယုံမှားပယ်ဖျောက် အလင်းပေါက် သိစိမ့်သောငှာ။ ပုစ္ဆာဓမ္မတ္ထလက္ခဏော=အနုလုံ ပဋိလုံ အစုန်အဆန် သန္နိဋ္ဌာန် သံသယ ပုစ္ဆာပါဓမ္မတ္ထတို့နှင့် အနိစ္စ ဒုက္ခ အနတ္တာဟု လက္ခဏာအပြား ဤသုံးပါးတို့ကိုရင်း။ တိဿော ပရိညာ= ညာတ တိရဏ ပဟာနဟု သုံးဝဆင်ရှား ပရိညာ တရားတို့ကိုရင်း။ ဒဿယံ-ဒဿယန္တော= သောင်းစကြဝဠ နတ်ဗြဟ္မာတို့ သိပါစေဟူ ပြတော်မူလျက်။ ဒသဓာ=မူလယမက ခန္ဓယမကစသည် ဆယ်ပါးအပြားအားဖြင့်။ ဒေသယိ=ထုတ်ဖေါ်ထင်ရှား ဟောကြားတော်မူခဲ့ပါပြီ။ ဝါ-ဒေသယိ= (ယ) ဟု ခေါ်မှန်းခြောက်ဆင့်မြောက် အဘိဓမ္မာကျမ်းဝယ် အခဏ်းကြီးဆယ်ပုံ အစုံစုံသောပုစ္ဆာဓမ္မတ္ထ လက္ခဏာယာဉ်သုံးဖြာ ပရိညာသုံးသွယ် အနှုန်းခြယ်၍ မြတ်ဘုန်းကြွယ် လူ့ထွတ်ဘုရားသည် သောင်းရပ်ရွာ နတ်ဗြဟ္မာအများတို့အား ဟောကြားမိန့်မှာတော်မူခဲ့လေပြီ။

**၃။ ခန္ဓာဒိ ဓမ္မာန ပဝတ္တိဒီပကံ၊ ဝိပဿနာဉာဏ ဝိပက္ကမာဝဟံ၊**
**ကောယနံ ဇာတိခယန္တ ဘူမိယာ၊ ဘဏာမ တံ ဆဋ္ဌ ဘိဓမ္မဒေသနံ။**

ဘော=အိုသူတော်ကောင်း သူမြတ်လောင်းတို့။ ခန္ဓာဒိဓမ္မာနံ=ခန္ဓာ အစရှိသော သဘာဝဓမ္မတို့၏။ ပဝတ္တိဒီပကံ=ဖြစ်ဟန် ချုပ်ဟန် ဖြစ်ချုပ်ဟန်ကို ဝေဘန်ပြတ်သား ထင်ရှားစွာ ပြဘတ်ပေထသော။ ဝိပဿနာ ဉာဏဝိပက္ကံ=ဝိပဿနာဉာဏ် ရင့်သန်အားရှိ မဂ်ဘိုင်ထိအောင်။ အာဝဟံ=ကျေးဇူးမြားမြောင် ရွက်ဆောင်ပို့ရောက်စေတတ်သသော။ ဇာတိ ခယန္တ ဘူမိယာ=ဇာတိကုန်ရာ မဟာအသင်္ခတ အမတကွန် ဗွေ ဘေးမဲ့မြေ၏။ ကောယနံ=ရောက်စေနိုင်တောင်း တခုတည်းသော

## မြို့ရွာခရိုင်များ၌ ကျင်းပသော

# ၁၃၂၄ ခုနှစ်၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲအချို့



ရွှေတောင်မြို့၊ ဓမ္မစကြာဝတ်အသင်း



ဟင်္သာတခရိုင်၊ ထူးကြီးမြို့၊ သာသနာ့ဟိတအဖွဲ့



ရွှေဘိုခရိုင်၊ မခေါက်ရွာ ဓမ္မာနုဂ္ဂဟပုညကာရီ အမျိုးသမီးများ



တောင်ငူခရိုင်၊ကြက်တက်ညောင်ပင်ရွာ မဟာဓမ္မစကြာအသင်း



ထားဝယ်မြို့၊ ပရိယတ္တိ သာသနာ့နုဂ္ဂဟအသင်း

လမ်းကြောင်းလည်း ဖြစ်ပေထသော။ တံ ဆင္ဒဘိဓမ္မ ဒေသန် = ထိုယမကခေါ်မှန်း ခြောက်ဆင့် မြောက် အဘိဓမ္မာကျမ်းကို။ ဘဏာမ= ပီပြင်ပြတ်သား ရွတ်ပွားကြပါစို့။ ဝါ-ဘဏာမ=သုံးပါး ယာဥ်သာ လက္ခဏာဖြင့် ပရိညာသုံးဆင့် အောင်လံလွှင့်၍ နန်းမြင့်သောင်ခေ အောင်ရိပ်မြေသို့ အောင်သံတွေ ကိုယ်စီကြွေးကြ၍ အောင်ဆုယူ အရောက်သွားရအောင် ရွတ်ပွားသရဇ္ဈာယ်ကြပါ ကုန်စို့။

ယမက

ကာမဓာတုယာ စုတဿ ကာမဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တ အနုသယာ အနုသေန္တိ ကဿစိ ပဉ္စ အနုသယာ အနုသေန္တိ၊ အနုသယာ ဘင်္ဂါ နတ္ထိ။ ကာမဓာတုယာ စုတဿ ရူပဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တ အနုသယာ အနုသေန္တိ၊ ကဿစိ ပဉ္စ အနုသယာ အနုသေန္တိ၊ ကဿစိ တယော အနုသယာ အနုသေန္တိ၊ အနုသယာ ဘင်္ဂါ နတ္ထိ။ ကာမဓာတုယာ စုတဿ အရူပဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တ အနုသယာ အနုသေန္တိ၊ ကဿစိ ပဉ္စ အနုသယာ အနုသေန္တိ၊ ကဿစိ တယော အနုသယာ အနုသေန္တိ၊ အနုသယာ ဘင်္ဂါ နတ္ထိ။ ။ကာမဓာတုယာ စုတဿ န ကာမဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တ အနုသယာ အနုသေန္တိ၊ ကဿစိ ပဉ္စ အနုသယာ အနုသေန္တိ၊ ကဿစိ တယော အနုသယာ အနုသေန္တိ၊ အနုသယာ ဘင်္ဂါ နတ္ထိ။ ကာမဓာတုယာ စုတဿ န ရူပဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တ အနုသယာ အနုသေန္တိ၊ ကဿစိ ပဉ္စ အနုသယာ အနုသေန္တိ၊ ကဿစိ တယော အနုသယာ အနုသေန္တိ၊ အနုသယာ ဘင်္ဂါ နတ္ထိ။ ကာမဓာတုယာ စုတဿ န အရူပဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တ အနုသယာ အနုသေန္တိ၊ ကဿစိ ပဉ္စ အနုသယာ အနုသေန္တိ၊ ကဿစိ တယော အနုသယာ အနုသေန္တိ၊ အနုသယာ ဘင်္ဂါ နတ္ထိ။

**'ပဋ္ဌာန်း' ၁။ သတ္တမံ မုနိ ပဋ္ဌာနံ၊ အဘိဓမ္မံ ဇလိ သတ္တမော၊ ကထံ ဒေသေသိ ဒေဝါနံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။**

သမ္မ=ဝဇိရ စိန်ပမာ ဉာဏ်ပညာဖြင့် ပြဿနာဆစ်ပိုင်း မေးလိုက်တိုင်းကိုမဆိုင်းလုစ်ဖြေ ချစ်မိတ်ဆွေ....။ဇလိ သတ္တမော=ဝိပဿီမှန်ကူ သယမ္ဘူမှ ဇွဲယူရေထောက် ခုနစ်ဆူမြောက်သား ဘုန်းတောက် မိပတိ မဟာဇလိ ဖြစ်တော်မူသော။ မုနိ= သကျမုနိ ဟုမရှိသား တြိဘဝသျှောင်ဖူး အောင်ပွဲမူး သည်။ သတ္တမံ= ဓမ္မသင်္ဂဏီမှထောက် ခုနစ်ဆင့်မြောက်ဖြစ်သော။ ပဋ္ဌာနံ အဘိဓမ္မံ=ပဋ္ဌာန်း တွင်ခေါ် အဘိဓမ္မာတရားတော်ကို။ ဒေဝါနံ= သောင်းစက္ကဝါ နတ်ဗြဟ္မာတို့အား။ ကထံဒေသေသိ= ဘယ်ပုံ ခွဲခြား ဟောကြားတော်မူခဲ့ပါသနည်း။ ပုစ္ဆိတော = ပဋ္ဌာန်းအဘိဓမ္မာ ဒေသနာကို သေချာစိစစ်း သိလိုရေးဖြင့် မေးအပ်ပါပေ ချစ်မိတ်ဆွေသည်။ တံ=ထိုအကြောင်းကို။ မေ = အတ္တက္ခာယီ အင်ညီမယုတ် အကျွန်ုပ်အား။ အက္ခာဟိ=အဖြေစကား မိန့်ကြားတော်မူပါလော့။ ဝါ-အက္ခာဟိ=မဟာဏ္ဏဝ သာဂရထက် နယကျယ်ဝှမ်း မြတ်ပဋ္ဌာန်းကို မှန်းနိုင်သောက်ရှံ သံခိပ်ငုံ၍ ဟောမြွက်ပုံ ဆိုလိုရင်း လောက်မျှ လူဗိုလ်ပုံနားဝယ် ရှင်းသောက်အောင် ထင်အလင်းဖြေကြားတော်မူပါလော့။

## ၂။ ဝိဘဇ္ဇဝါဒ ပဋ္ဌာနံ၊ ဓမ္မေစ ဓမ္မသန္တိယော၊
## သမန္တာ နန္တနျာယေဟိ၊ ဒေဝါနံ ဒေသယိဇိနော။

သမ္မ=ကျမ်းတိုင်းစုံစေ့ နက်သိမ်မွေ့ကို ပြောင်းရွှေဖန်ခါ ဉာဏ်ပဋ္ဌျာဖြင့် ပြဿနာစစ်ဆေး မေးတတ်ပါပေ ချစ်မိတ်ဆွေ....။ ဇိနော=ငါးပါးမာရ်ညွှန့် ရန်အဝှန့်ကို မရှုံ့မထိတ် ခြင်္သေ့စိတ်ဖြင့် နှင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ အောင်တော်မူ မြတ်စွာဘုရားသည်။ ဒေဝါနံ=သောင်းစကြဝါ နတ်ဗြဟ္မာတို့အား။ ဓမ္မေစ=ပရမတ္ထ ဓမ္မ တရားလုံးကိုရင်း။ ဓမ္မသန္တိယောစ= ထိုသိုပရမတ္ထ တရားတို့၏ စွမ်းပကားတေဇော် အာနုဘော် သတ္တိတို့ကိုရင်း။ ဝိဘဇ္ဇဝါဒ=တခုမကျန် ဝေဘန်ခွဲခြမ်းတော်မူ၍။ သမန္တာနန္တနျာယေဟိ=ဝန်းကျင်ကျယ်ဝှမ်း အနပ္ပကမ်းမျှားကြွယ် နည်းသွယ်သွယ်တို့ဖြင့်။ ပဋ္ဌာနံ= ပဋ္ဌာန်းတွင်ခေါ် အဘိဓမ္မာတရားတော်ကို။ ဒေသယိ= ထုတ်ဖေါ်ထင်ရှား ဟောကြား တော်မူခဲ့ပါပြီ။ ဝါ- ဒေသယိ=ဟောတူ ဟောတု မြေရေထုနှင့် လေထုသို့ကိုက်ခုန် သောင်းတိုက်တုန် အောင် နည်းဖုံဖုံ နက်ကျယ်ဝှမ်းလှသည့် အဘိဓမ္မာ စာတော်ပဋ္ဌာန်းကို လူ့ထိပ်ပန်း ဟောကြား တော်မူခဲ့လေပြီ။

## ၃။ ယံ သမ္မသန္တသ ဒိသာ သမန္တတော၊ ဝိနိစ္ဆရေ သတ္တုပဘာ သရီရတော၊
## နယမ္ဗုမိ ဉာဏ သမုဒ္ဒဂေါစရံ၊ သဒ္ဓါယ ပညာယစ တံ ဘဇထာမဘော။

ဘော=အိုအဘိဓမ္မာ မြိုက်ရသာ၏ ခါတော်သမယ ဒုလ္လဘကို အရတော်ညောင်း သူတော် ကောင်းတို့....။ ယံပဋ္ဌာနံ=အကြင် ပဋ္ဌာန်းတွင်ခေါ် တရားတော်ကြီးကို။ သမ္မသန္တသ=နဝရတ် ရောင်ရှိန် ရတနာဃရ နန်းအိမ်ဝယ် မွေ့သိမ်သောဉာဏ်စက္ခုဖြင့် ကြည့်ရှုဆုံးဖြတ် သုံးသပ်တော် မူပေသော။ သတ္တု=သတ္တာဒေဝမနုဿာနံ ဂုဏ်တော်သံတို့ မိုးယံဘဝဂ် လွှမ်းကျော် တက်သား သကျဇိနော် စိန္တေယျော်၏။ သရီရတော=ရွှေတောင်နှုန်းလျော် မြတ်ကိုယ်တော်မှ။ ပဘာ=ရောင် တော်ခြောက်သွယ် ပန်းနွယ် ပန်းညွှန့်တို့သည်။ သမန္တတော ဒိသာ=ဝန်းကျင် နှစ်ပ် အရပ်ဒိသာ ဆယ်မျက်နှာတို့သို့။ ဝိနိစ္ဆရေ=စကြဝါနခမ်း အာသက်အဇင်္ဂ္ဍာ ပြည့်လျှမ်းအောင် တဆန်းတကြယ် ယှက်ကူး၍ ကွန့်မြူး ထွက်ကြွတော်မူကုန်၏။ နယမ္ဗုမိ=နယ သာဂရ နာမချိုးကျူး အမည်ထူး လည်းရှိပေထသော၊ ဉာဏသမုဒ္ဒဂေါစရံ=ဉာဏသာဂရ ဂုဏ်လျှံပသား သဗ္ဗညုတ ရွှေဉာဏ်၏ ဂေါစရဂါမ်မှတ်သား ကျက်စားရာလည်း ဖြစ်ပေထသော။ တံပဋ္ဌာနံ=ထိုပဋ္ဌာန်းတွင်ခေါ် အဘိ ဓမ္မာတရားတော်ကို။ သဒ္ဓါယစ=စက္ကဝတ်ဖျား မင်းတရား၏ ပတ္တမြားရတနာ ကဲ့သမာလျှင် ရောင် ဝါရှိန်လျှပ် သဒ္ဓါခေတ်ဖြင့်ရင်း။ ပညာယစ=ဓမ္မသတ္တိ ချက်ဘိုင်းထိခအောင် အသိဖန်ပျိုး ဉာဏ်ချည် မျိုးဖြင့်ရင်း။ ဘဇထာမ=ပီပြင်ပြတ်သား ရွတ်ပွားကြပါကုန်စို့။ ဝါ-ဘဇထာမ၊ အနန္တနယ သမန္တ ခေါ်မှန်း မြတ်ပဋ္ဌာန်းကို လန်းလန်းစည်ဖြာ ကြည်သဒ္ဓါဖြင့် ပြည်အမတာ ဆုတ်ညွှတ် ထားကြ၍ ဗောဓိဉာဏ် ရင့်သန်ထွားသောက်အောင် ရွတ်ပွားသရဇ္ဈာယ်ကြပါကုန်စို့။

**ပဋ္ဌာန**

ဟေတုပစ္စယော။ အာရမ္မဏပစ္စယော။ အဓိပတိပစ္စယော။ အနန္တရပစ္စယော။ သမနန္တရပစ္စယော။ သဟဇာတပစ္စယော။ အညမညပစ္စယော။ နိဿယပစ္စယော။ ဥပနိဿယပစ္စယော။ ပုရေဇာတပစ္စယော။ ပစ္ဆာဇာတပစ္စယော။ အာသေဝနပစ္စယော။ ကမ္မပစ္စယော။ ဝိပါကပစ္စယော။ အာဟာရပစ္စယော။ ဣန္ဒြိယပစ္စယော။ ဈာနပစ္စယော။ မဂ္ဂပစ္စယော။ သမ္ပယုတ္တပစ္စယော။ ဝိပ္ပယုတ္တပစ္စယော။ အတ္ထိပစ္စယော။ နတ္ထိပစ္စယော။ ဝိဂတပစ္စယော။ အဝိဂတပစ္စယောတိ။

အာစယဂါမိံ ဓမ္မံ ပဋိစ္စ အာစယဂါမီ ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ အာစယဂါမိံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။ ။ အာစယဂါမိံ ဓမ္မံ ပဋိစ္စ နေဝါစယဂါမိနာပစယဂါမီ ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ အာစယဂါမီ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။ ။အာစယဂါမိံ ဓမ္မံ ပဋိစ္စ အာစယဂါမီ စ နေဝါစယဂါမိနာပစယဂါမီ စ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ။ အာစယဂါမိံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။ ။အပစယဂါမိံ ဓမ္မံ ပဋိစ္စ အပစယဂါမီ ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ အပစယဂါမိံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ။ ။ အပစယဂါမိံ ဓမ္မံ ပဋိစ္စ နေဝါစယဂါမိနာပစယဂါမီ ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ အပစယဂါမီ ခန္ဓေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ။ ။အပစယဂါမိံ ဓမ္မံ ပဋိစ္စ အပစယဂါမီ စ နေဝါစယဂါမိနာပစယဂါမီ စ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ။ အပစယဂါမိံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။ ။နေဝါစယဂါမိနာပစယဂါမိံ ဓမ္မံ ပဋိစ္စ နေဝါစယဂါမိနာပစယဂါမီ ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။ နေဝါစယဂါမိနာပစယဂါမိံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ စိတ္တသမုဋ္ဌာနဉ္စ ရူပံ။ ပဋိသန္ဓိက္ခဏေ နေဝါစယဂါမိနာပစယဂါမိံ ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ ကဋတ္တာ စ ရူပံ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော ကဋတ္တာ စ ရူပံ၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ ကဋတ္တာ စ ရူပံ။ ခန္ဓေ ပဋိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋိစ္စ ခန္ဓာ။ ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ။ မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာ ရူပံ ဥပါဒါ ရူပံ။

မြို့ရွာခရိုင်များ၌ ကျင်းပသော

# ၁၃၂၄-ခုနှစ်၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲအချို့



ကသာခရိုင်၊ အင်းတော်မြို့နယ်၊ မော်လူးမြို့
သာသနဝေပုလ္လနုဂ္ဂဟဓမ္မစကြာအဖွဲ့



ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့မ၊
နိဗ္ဗာနာရာမ ပရိယတ်တော်အသင်း

☆




☆

သရက်မြို့၊ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း၊ ဗုဒ္ဓဝေယျာဝစ္စအသင်း



စစ်တွေမြို့၊ ခရိုင်ဝန်နှင့်သာသနာရေးအရာရှိကြီးမှူးသော
မြို့သူမြို့သားများ၏ အခါတော်နေ့



အင်းစိန်ခရိုင်၊ တိုက်ကြီးမြို့၊
ဓမ္မစကြာ အဘိဓမ္မာအသင်း

# နတ်များပို့ရန်

မဟာ ပုညာဘိသန္ဒော ယော၊ သိဒ္ဓေါ ဘော နိရုပဒ္ဒဝေါ၊
ဂစ္ဆန္တု သွာဂတာ ဒေဝါ၊ မောဒန္တာ သုဋ္ဌု မာနသာ။

ဘော=အဘိဓမ္မာ ဒေသနာကို စေတနာစိုက်စူး သဒ္ဓါထူးဖြင့် ကြည်နူးရွှင်ပျ ရွတ်နာကြသည့် ခမ္ပမိတ်ပေါင်း အိုသူတော်ကောင်းတို့....။ ယော မဟာပုညာဘိသန္ဒော=အဘိဓမ္မာ ဒေသနာဖြင့် မြတ်စွာဇိနေ၁် စိန္တေယျော်အား ပူဇော်သက္ကာရ အားသစ်ကြသည့် များလှသော ကုသိုလ်ရေ အယဉ် အကြင်သို့သော ဓမ္မပွဲကြီး သဘင်သည်။ နိရုပဒ္ဒဝေါ=ထံပါးချဉ်းကပ် နှိပ်စက်တတ်သည့် ဥပဒ်ဟူ၍ မှုမငွေ့သည်ဖြစ်၍။ သိဒ္ဓေါ=သူငါရွှင်ပြုံး ပီတိနှလုံးဖြင့် နိဂုံးတိုင်မြောက် အပြီးရောက်ခဲ့လေပြီ။ သွာဂတာ=ကျွန်ုပ်တို့နှုတ်မြွက် ပင့်ဖိတ်ချက်ကြောင့် နှစ်သက်ဝမ်းသာ ကြွရောက်လာကြကုန်သော။ ဒေဝါ- ဒေဝါပိ=တေဇတန်ခိုး ဝေပဖြိုးလျက် တိုးတက်ကြီးမား အရှင်နတ်ဗြဟ္မာအများတို့သည်လည်း။ သုဋ္ဌုမာနသာ = လူ့ပြည်လူသား တို့မိတ်များလျှင် တရားနက်ခေါင် မှိုက်လက်ဆောင်ကို အောင်နိဗ္ဗူရောက် ကျေးဇူးထောက်အောင် ချီးမြှောက်ကုန်၏ ပေးကုန်၏ဟု သတိသမ္ပဇဉ် စိတ်ကောင်းယှဉ်တော်မူကြကုန်လျက်။ မောဒန္တာ=ပြုံးတစိမ့်စိမ့် နှလုံးဖိမ့်၍ နှစ်သိမ့် ဝမ်းမြောက်ကြကာ။ ဂစ္ဆန္တု=ကိုယ် စိတ် နှစ် ခြိုက် လက်ဆောင်ပိုက်၍ ပျော်ပိုက်နေကျ မိမိ တို့ စံရာ ဘုံဌာနသို့ ပြန်ကြွတော် မူကြပါစေကုန်သတည်း။

# ဆုတောင်းမင်္ဂလာ

ဣမိနာ အဘိဓမ္မေန၊ ဘဝေသု အာဘိဓမ္မိကာ၊
အဘိ ဂစ္ဆေမု နိဗ္ဗာနံ၊ အဘိဒဇ္ဇေမု ပတ္တိကံ။

ဣမိနာ အဘိဓမ္မေန=အဘိဓမ္မာ မှိုက်ရွှေစာ၏ အခါတော်နေ့ သတ်မှတ်၍လျှင် စေ့စေ့စုံလင် ပွဲကြီးယင်လျက် ကြည်လင်ရွှင်ပြုံး စိတ်နှလုံးဖြင့် စုရုံးညီညာ ဘိဓမ္မာကို ကြားနာရွတ်ဖတ် ကုသိုလ်မြတ်နှင့် ခရောက်လတ်ညီမှု ရှင်ရှင်လူအား ကြည်ဖြူစိတ်သန် ဒေယျဓံကို ဝေဖန်ဆက်ကမ်း လှူဒါန်း ကျွေးမွေး ကုသိုလ်ရေးဟု ဒွေးနှစ်လီစုံ လွန်ကဲသောကောင်းမှုအဟုန်ကြောင့် (မယံ = အဘိဓမ္မာ မှိုက်ရွှေ စာအား အခါ ရှည်မော တည်စေ သောဂ်ဟု စိတ်စောမူလ ပဓာနဖြင့် ပို့ချသင်ကြား နာပွားအားထုတ် အကျွန်ုပ်တို့သည်)။ ဘဝေသု=ယနေ့အာဒိ အစချီ၍ စရိမက စိတ်သို့ကျအောင် ဘဝစက်ဝိုင်း အဖြစ်တိုင်းတို့၌။ အာဘိဓမ္မိကာ=ဇာတိသရ ဉာဏ်ထူးရ၍ လုံ့လဆက်ဖန် ကြိုးအားသန်လျက် ဉာဏ်အဆင့်ဆင့် ရင့်ထက်ရင့်သား လင်းပွင့်ထွန်းပြောင် အဘိဓမ္မာဆောင် ပုဂ္ဂိုလ်တို့သည်။(ဘဝေမှ=အဆစ်အဖု ထစ်မခုပဲ တောင်းဆုကုံလုံ အဖြစ်ကောင်းကြုံရပါလိုကုန်၏)။ နိဗ္ဗာနံ= ဘဏ္ဍာ၏နယ်အတွင်းမှ လွတ်ကင်းရာမှန် ပြည်နိဗ္ဗာန်ကို။ အဘိဂစ္ဆေမု=မဂ်ဉာဏ်လေးခု ကျေးဇူးပြု၍ ရှေးရှုမျက်မှောက် ရောက်ရပါလိုကုန်၏။ ပတ္တိတံ = ယခုပြုရ ကုသလ၏ ဘာဂ သေတ္တုအဖို့ အစုကို။ (ပဇာယ = လူအရပ်ရပ် နတ်နတ်ဘကာ ဗြဟ္မာမကြွင်း သတ္တဝါ ခပင်းအား)။ အဘိဒဇ္ဇေမု = ကျွန်ုပ်တို့နည်းတူ ရစေဟူ၍ စင်ဖြူသာလှ သဒ္ဓါဗလဝ ဖြင့် ဒါနပတ္တိ အနှံ့ပြည့်အောင် ဖြန့်ချိပေးဝေကြပါကုန်စို့...........။

# အမျှဝေမှု အောင်သာစု

သောင်းစကြဝဠာ နတ်ပြဟ္မာနှင့် သတ္တဝါရှိသမျှ ကြားစေရဟု စိတ်မှရည်ရော် ဟစ်ကြွေး ကြော်သည်....ရှင်တော်ဗုဒ္ဓ ရွှေနှုတ်ဟလျက် ဟောပြခဲ့ရာ ဘိဓမ္မာကို အခါထိမ်းမှတ် ပွဲကြီး မြတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ် ဝန်းကျင်သွယ်လျက် ကြီးကျယ်များလှ ပွားကြရာရာ....ဒါန,သီလ,ဘာဝနာ ဤကောင်းမှု ကုသိုလ်အဖြာဖြာကို ကြွလာပရိသတ် အရပ်ရပ်နှင့် နတ်နတ်ပြဟ္မာ နှစ်ဖြာ မိဘ ရှိသမျှကျုံးခြုံ အလုံးစုံသောသတ္တဝါတို့အား မခြားထပ်တူ ရစေဟူဖြင့် ကြည်ဖြူလှပေ အမျှဝေသည့် စိတ်စေတနာ ဝမ်းမြောက်စွာလျှင် အာကာမိုးယံ ဘဝဂ်လျှံလျက် နဘံထစ်ကြိုး ကောင်းကင်မိုးသို့ ဟစ်ဖြိုးဗျာဆု အောင်သာစုကို ယခုခေါ်ကြ ပေးဝေလှသည် အမျှ....အမျှ....အမျှ ယူတော်မူကြပါ ကုန်လော့။

---

## ပုထုဇန်နှင့် သောတာပန်၊ သကဒါဂံ

## ကာမချမ်းသာ ခံစားပုံ

ပုထုဇန်ပုဂ္ဂိုလ်တို့၏ ကာမချမ်းသာကို ခံစားမှုနှင့် အရိယာ (သောတာပန်, သကဒါဂံ )ပုဂ္ဂိုလ်တို့၏ ကာမချမ်းသာခံစားမှုကို အထူးမရှိတထပ်တည်း တူမျှသည်ဟု ပြောမှားတတ်ချေသည်။

ဒိဋ္ဌိဝိပ္ပယုတ္တစိတ္တေန ပန အရိယသာဝကော ပရိဠာဟာဘိဘူတော ပရိဠာဟဝူပသမတ္ထံ မတ္တာဟတ္ထိ ပရိတ္တာသိတော ဝိယ စောက္ခပြဟ္မဏော ဂူထံ ကဠိ သနံ္ဒါရံ သုခတော ဥပဂစ္ဆတိ။ ။အင်္ဂုတ္တရဋ္ဌကထာ၊ ပဌမ အုပ်၊ စာမျက်နှာ-၃၅၃ ။

အမုန်ယစ်သော ဆင်လိုက်သဖြင့် ထိုဆင်ဘေးမှ လွတ်မြောက်ရန် အလွန်စင်ကြယ်သောသဘောရှိသူ ပုဏ္ဏားသည် စက်ဆုပ်ရွံရှာလျက်နှင့်ပင် မစင်အညစ်အကြေးရှိသောအရပ်သို့ မကပ်လိုပါပဲလျက် ကပ်ရောက်ရသကဲ့သို့ အရိယသာဝက (သောတာပန်, သကဒါဂံ) သည် ကာမရာဂ ကိလေသာ နှိပ်စက်သောအခါ မပယ်သတ်ရသေးသည့်ကာမရာဂကိလေသာ အပူအေးငြိမ်းရန်အတွက် ဒိဋ္ဌိနှင့်မယှဉ်သော စိတ်ဖြင့်သာ ခံစားခြင်းဖြစ်သည်။

## (၁၄) ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့တွင် အလှူငွေ ၂၅ိမှ အထက် လှူဒါန်းသူများစာရင်း

| | | ကျပ် |
|---|---|---|
| ၁ | ဟာရွှန်းစူရတီဘရားသားစ်၊ ၁၀၉/၁၁၁-ကုန်စျေးတန်း၊ ရန်ကုန် | ၂၀၀ |
| ၂ | မြန်မာ့စက်မှုလက်မှုနှင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၊ ၇၈/၈၄-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့ | ၂၀၀ |
| ၃ | နီပွန်ထရေဒင်းကုမ္ပဏီလီမိတက်၊ ၇၈/၈၄ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန် | ၂၀၀ |
| ၄ | ယုံတိုင်ကုမ္ပဏီ၊ ၁၂-လမ်း ၂၀- ရန်ကုန်မြို့ | ၁၀၀ |
| ၅ | ဂမ်ရှမ်ဒတ် စ်- တိုလာရမ်၊ ၇-ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့ | ၁၀၀ |
| ၆ | စီ-အိုင်တိုး ကုမ္ပဏီလီမိတက် | ၁၀၀ |
| ၇ | သစ္စဝါဒီကုမ္ပဏီ-၆၆၇-ကုန်သည်လမ်း၊ ရန်ကုန်မြို့ | ၁၀၀ |
| ၈ | ရမ်ကူမာ-ဆန်ဝါမာလ်၊ ၅၀-ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့ | ၁၀၀ |
| ၉ | ဂိုရှီကုမ္ပဏီလီမိတက်၊ ၁/၇-လသာလမ်း၊ ရန်ကုန်မြို့ | ၁၀၀ |
| ၁၀ | အင်းဝအော်တိုမိုဘိုင်းလ်၊ ၇၁-၂၇လမ်း၊ ရန်ကုန်မြို့ | ၁၀၀ |
| ၁၁ | ဦးဘဟန်-ဘဟန်ကုမ္ပဏီ၊ ၈၃-ပန်းဆိုးတန်း၊ ရန်ကုန်မြို့ | ၁၀၀ |
| ၁၂ | အို-အိပ်ချ်-ဘာဂမာလ်ကုမ္ပဏီ၊ ၆၅၃-ကုန်သည်လမ်း၊ ရန်ကုန်မြို့ | ၁၀၀ |
| ၁၃ | မစ်စူအိကုမ္ပဏီလီမိတက်၊ ၁၂၈-ပန်းဆိုးတန်း၊ ရန်ကုန်မြို့ | ၁၀၀ |
| ၁၄ | နီချိမင် ကုမ္ပဏီလီမိတက်၊ ၅၇-လူးဝစ်လမ်း၊ ရန်ကုန်မြို့ | ၁၀၀ |
| ၁၅ | နော်မူရာထရေဒင်းကုမ္ပဏီလီမိတက်၊ ၆၆၆-ကုန်သည်လမ်း၊ ရန်ကုန် | ၆၀ |
| ၁၆ | အေ-ကေ-ပန်ဒေး၊ ၂၉-လမ်း၊ ရန်ကုန်မြို့ | ၅၁ |
| ၁၇ | ဘာဘူလာလ်၊ ဗန္ဓုလစောင်စက်-ရန်ကုန်မြို့ | ၅၁ |
| ၁၈ | မရူဘီနီ-အိုင်ဒါ ကုမ္ပဏီလီမိတက်၊ ၁၂၈၊ ဘားလမ်း၊ ရန်ကုန်မြို့ | ၅၁ |
| ၁၉ | လက်ချိမင်-ကုမ္ပဏီ၊ ၆၄၅-ကုန်သည်လမ်း၊ ရန်ကုန်မြို့ | ၅၀ |
| ၂၀ | ဒေါ်ခင်ခင်အေး-အေးနှင့်သားများလီမိတက်၊ ၃၀-ရွှေဘုံသာလမ်း၊ ရန်ကုန် | ၃၀ |
| ၂၁ | တိုယိုမင်းကားကိုင်ရှား လီမိတက်၊ ၇၁၁/၇၁၉-ကုန်သည်လမ်း၊ ရန်ကုန် | ၃၀ |
| ၂၂ | မစ်စူဘီရှိ-ရှိုဂျီကိုင်ရှားလီမိတက်၊ ၄၉/၅၃-ပန်းဆိုးတန်း၊ ရန်ကုန် | ၃၀ |
| ၂၃ | ဂျွန်အင်ကုမ္ပဏီ၊ ၆၉၆-ကုန်သည်လမ်း၊ ရန်ကုန်မြို့ | ၂၅ |
| ၂၄ | ဝိုင်-အေ-ဂနီ နှင့်သားများ၊ ကုန်စျေးတန်း၊ ရန်ကုန်မြို့ | ၂၅ |
| ၂၅ | ဦးအောင်ကြီး-ဒေါ်ကျင်စိန်၊ ၁၆၉/၄၇-လမ်း၊ ရန်ကုန်မြို့ | ၂၅ |

**ပြည်သူ့ထောက်ပံ့ရေးမင်းကြီးရုံး-ရုံးဝန်ထောက် ဦးတင်ညွှန့် ကောက်ခံသည့်အလှူငွေ**

ကမ္ဘာ့မှာ ပဌမဦးဆုံး ELECTRONIC BAGPIPE

တည်ထွင်သူ

ဦးသန့်ဇင် ကြီးမှူးသော

# လှစည်ရေဒီယိုနှင့် လျှပ်စစ်လုပ်ငန်း

---

- ❊ ရေဒီယိုအမျိုးမျိုးနှင့် ၎င်းပစ္စည်းအစိတ်အပိုင်းများ
- ❊ တိတ်ရကော်ဒါနှင့် ၎င်းပစ္စည်းအစိတ်အပိုင်းများ
- ❊ A.S.E., GRAMPIAN AMPLIFIER, (AC & BATTERY) အသံချဲ့စက်များ
- ❊ ထရန်စစ်စက်ဝက် ၃၀, ဝက်၅၀-အသံချဲ့စက်များ
- ❊ အသံချဲ့စက် ပစ္စည်း အစိတ်အပိုင်းများ
- ❊ LOUDSPEAKER များကိုပြုပြင်သည်
- ❊ MICROPHONE များကိုပြုပြင်သည်
- ❊ ရေဒီယိုအသံချဲ့စက် တိတ်ရကော်ဒါ- ရုပ်ရှင်ပြစက်နှင့်အခြား အီလက်ထရွန် ဆိုင်ရာပစ္စည်းများကို အာမခံစနစ်ဖြင့်ပြုပြင်ပေးပါသည်
- ❊ ရေဒီယို ပညာ ညနေပိုင်းသင်တန်းလည်းဖွင့်လှစ်လျက်ရှိပါသည်။

**လှစည် ရေဒီယိုနှင့် လျှပ်စစ် လုပ်ငန်း**

အမှတ် ၆-ဆူးလေပတ်လည်၊ ရန်ကုန်။

Phone -14617

# မီးမပေါက်သည့်

# ဂိုးဖလိပ်ဆေးပေါ့လိပ်တလိပ်၅ပြားတန်ထွက်ပြီ

သောက်သုံးသူ ကျေးဇူးရှင်များ၏ တောင့်တချက်အရ

## ကမ္ဘာကျော် လန်ဒန်ဂိုးဖလိပ်တိုက်မှ စီမံတင်ဆက်

## လိုက်သည့် ဂိုးဖလိပ်ဆေးပေါ့လိပ်များ

မီးမပေါက်သည့် ဂိုးဖလိပ်

**GOLD FLAKE**

ဗါဂျီနီးယား ဆေးပေါ့လိပ်

—— အတုအပ သတိပြု

★ တလိပ် ၅ ပြားတန် နှင့်

★ ၁၀ ပြား ၃ လိပ်တန်

★ ၅ ပြား ၂ လိပ်တန်

★ ၅ ပြား ၃ လိပ်တန်

**အငွေ့ယံ အစားစား ကြိုက်ရာ ဝယ်သောက် မီးမပေါက်**

ဂိုးဖလိပ်တိုက်

အမှတ် (၃၀) ကမ်းနားလမ်း - ရန်ကုန်မြို့။

ဖုံး - ၁၃၆၅၅ - ၁၄၀၂၂ နှင့် ၁၄၀၂၈။

အောင်မိတ်ဆက်စာပုံနှိပ်တိုက်၊ အမှတ်-၅၀၊ ဗိုလ်ချုပ်လမ်း ရန်ကုန်မြို့။